မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ◆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒဲရစ် ဂျိမ်းစ် မစ်ချယ်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။



တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွန့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး မစ္စတာ ဒဲရစ် ဂျိမ်းစ် မစ်ချယ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

စင်ကာပူမှ သားငယ်လေး ကိုင်လာလမ်း အသက် ၁၈ လအရွယ်၌ မဂ္ဂဇင်းဖတ်ရှုနိုင် စာ-၄

Avengers 2 ဇာတ်ကားနဲ့ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ အမေရိကန် ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင် စာ-၅

အချင်းတိုင်နှစ်ခုဖြင့် သုံးမြွှာပူး စာ-၇ ကလေးငယ်များ အောင်မြင်စွာမွေးဖွား

လှည်းတန်း မီးပွိုင့် နေရာရွှေ့ စာ-၁၀

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၁၂ ရက်)

လူသားအရင်းအမြစ် စီးပွားရေး

ဤလောက၌ တန်ဖိုးအရှိဆုံးသောအရာတစ်ခုကိုပြောပါ ဆိုလာလျှင် အဖိုးကုဋေကုဋာထိုက်တန်လှသော ရွှေငွေကျောက်သံပတ္တမြားများဟု ဆိုချင်ဆိုမည်။ သို့တည်းမဟုတ် လူတို့၏အလျှံပယ်ကြွယ်ဝ စည်းစိမ်နေများဟု ဆိုကောင်းဆိုပေလိမ့်မည်။ စင်စစ်မှာမူ တန်ဖိုးအရှိဆုံးအရာသည်ကား ကျောက်သံ ပတ္တမြားများလည်း မဟုတ်၊ စည်းစိမ်နေများလည်းမဟုတ်ပါပေ။ တန်ဖိုးအရှိဆုံးအရာသည်ကား လူသားများသာဖြစ်ချေတော့၏။

လူသားတို့သည်ကား ကျင့်ကြံကြိုးကုတ် အားထုတ်ကြမည်ဆိုလျှင် ဤလောက၌ မဖြစ်ဟူသောအရာသည် တစ်ခုမျှမရှိဟု ပညာရှင်တို့က ဆိုကြလေသည်။ အရာရာသည် ကြိုးစားအားထုတ်ကြမည်ဆိုလျှင် စည်းစိမ်ဥစ္စာနှင့် ဂုဏ်ရှိန်ဝါတို့သည် ရနိုင်သည်ချည်းသာ။ ယုတ်စွအဆုံး ''ကြိုးစားက ဘုရားဖြစ်နိုင်သည်'' ဟူသောစကားအတိုင်း ဘုရားလည်းဖြစ်နိုင်သလို သိကြားလည်းဖြစ်နိုင်ပေသည်။ ထို့ကြောင့် တန်ဖိုးအရှိဆုံး အရာကား လူသားအရင်းအမြစ် **(Human Resource)** ပင်ဖြစ်၏။

မှန်ပါပေသည်။ ဤလောက၌ အရင်းအမြစ်များစွာရှိကြရာဝယ် လူသားအရင်းအမြစ်သည် တန်ဖိုး အကြီးမားဆုံး ဖြစ်ပါပေသည်။ **Natural Resource** ဟုခေါ်သော သဘာဝအရင်းအမြစ်တို့သည် ထုတ်ယူပါများလျှင် တစ်နေ့မဟုတ်တစ်နေ့ ကုန်ခန်းသွားမည်သာဖြစ်၏။ လူသားအရင်းအမြစ်တို့သည်ကား ဤသတ္တဘာဝမနုဿလောကကြီးရှိနေသမျှ ကာလပတ်လုံး ကုန်ခန်းနိုင်ဖွယ်မရှိပါချေ။ ယနေ့တိုးတက်လာသော နိုင်ငံအချို့၌ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောစီးပွားရေးမှ လူသားအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးသို့ ပြောင်းလဲလုပ်ဆောင်နေကြလေပြီ။ ကမ္ဘာပေါ်တွင် သဘာဝအရင်းအမြစ်များကိုမဆိုထားဘိ ရေကိုပင် အခြားတိုင်းပြည်က ဝယ်သောက်ရသောနိုင်ငံများရှိသေးသည်။ အဆိုပါနိုင်ငံတို့သည် လူသားအရင်းအမြစ်စီးပွားရေးကို ထူထောင်လျက် ကြီးပွားချမ်းသာနေကြပြီဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံသည်လည်း ထိုလူသားအရင်းအမြစ်စီးပွားရေးဆီသို့ ဦးတည်လှမ်းချီနေပြီဖြစ်သည်။ လူသားအရင်းအမြစ်များမွေးထုတ်ပေးရာ တက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ နိုင်ငံတစ်နံတစ်လျား၌ ပေါ်ထွန်းလာပြီဖြစ်သည်။ ရှေးယခင်က ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ၌သာရှိသော တက္ကသိုလ်များသည် ယခုအခါ နယ်စပ်ဒေသများပါမကျန် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အခြေခံပညာ ကျောင်းများဆိုလျှင်လည်း ယခင်က အများစုမှာ မြို့ပေါ်၌သာရှိကြရာမှ ယခုအခါ ကျေးလက်ဒေသများအထိ ဖြန့်ကြက်နိုင်ခဲ့ပြီဖြစ်သည်။ ဤသည်တို့သည်ကား လူသားအရင်းအမြစ်များမွေးထုတ်ပေးရာ ပင်မနေရာများ ပင်ဖြစ်တော့သည်။

ထို့ကြောင့် လူတို့အနေဖြင့် စည်းစိမ်ဥစ္စာ မချမ်းသာသေး၍ စိတ်မညစ်လေနှင့်။ ရာထူးဂုဏ်ရှိန်ဝါ မရှိ၍လည်း စိတ်ဓာတ်မကျလေနှင့်။ လူသားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်ပေးလျှင် တစ်နေ့ ကြီးပွားတိုးတက်လာမည်ဖြစ်သည်။ သို့သော် ကျောက်ရိုင်းတစ်တုံးသည် မည်မျှပင် အဖိုးထိုက်တန်စေကာမူ ကျောက်သွေးကောင်းသောပညာရှင်နှင့် မသွေးလျှင် ကျောက်ကောင်းတစ်ပွင့် ဖြစ်မလာနိုင်သကဲ့သို့ ကိုယ်တိုင် ကြိုးကုတ်အားထုတ်ခြင်းမရှိလျှင် တန်ဖိုးရှိသော လူသားအရင်းအမြစ် ဖြစ်လာလိမ့်မည် မဟုတ်သည်ကို သတိချပ်သင့်ပေသည်။

သို့ဖြစ်၍ ယနေ့ခေတ်တွင် ''မသိသူကျော်သွား၊ သိသူဖော်စား''ဆိုသောစကားကဲ့သို့ လူသားအရင်း အမြစ်ကို အတတ်ပညာတည်းဟူသော မြေဆီသြဇာ ပေါင်းစပ်လျက် မြေယာနှင့်တူသော နိုင်ငံတစ်ခွင် ပြုစုပျိုးထောင်ကြပါလျှင် အနာဂတ်ကာလများတွင် ဖွံ့ထွားအောင်မြင်သော အသီးအပွင့်များပမာ လူသား အရင်းအမြစ်များ တိုးပွားဖြစ်ထွန်းလာမည်မှာ မုချဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သာယာဝတီမြို့နယ်၌ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

သာယာဝတီ ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် တောင်သူဦးဌေးဝင်း၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်းတွင် အိန္ဒိယနိုင်ငံမှ ပေးပို့သော ကောက်စိုက်စက်ဖြင့် သရုပ်ပြ စိုက်ပျိုးခြင်းကို ဇူလိုင် ၈ ရက် နံနက် ၇ နာရီက သရုပ်ပြသကြသည်။ **(အောက်ပုံ)**

သရုပ်ပြသပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က တောင်သူများနှင့်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

သိန်းနီမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

သိန်းနီ ဇူလိုင် ၁၁

သိန်းနီမြို့နယ် ပန်လော့ကျေးရွာ မူလတန်းကျောင်းဝင်းနှင့် ကျေးရွာအတွင်း လမ်းဘေးဝဲယာများတွင် ဇူလိုင် ၅ နံနက် ၇ နာရီခွဲက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၊ တောအုပ်ကြီး ဦးကြည်လင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကျွန်းပင် ၃၀၀၊ မဲဇလီပင် ၂၅၀ နှင့် ရေသင်းဝင်ပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းရေး သစ်ပင်စိုက်ပျိုး

ပဲခူး ဇူလိုင် ၁၁

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ အခြေခံပညာကျောင်းများ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပဲခူးတိုင်းဒေသကြီးပညာရေးမှူး ဦးစောစံယဉ်နှင့် အခြေခံပညာဦးစီးဌာနမှပညာရေးဝန်ထမ်းများသည် ပဲခူးမြို့ မြို့တွင်းအနောက်(ခ) မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စီစီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင်မျိုးစုံ ၄၀၀ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၁၁၀)**

မိုးရာသီဘဏ်ချေးငွေ မြောင်းမြ၌ထုတ်ချေး

မြောင်းမြ ဇူလိုင် ၁၁

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မြောင်းမြမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးပွဲနှင့် လယ်သမားများ စုဆောင်းငွေထုတ်ပေးပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ ယမန်နှစ်က မိုးရာသီဘဏ်ချေးငွေ အစောဆုံး အကျေပြန်လည်ပေးဆပ်နိုင်သော ကျေးရွာများဖြစ်ကြသည့် မုဆိုးကွင်းကျေးရွာအုပ်စု၊ ဘုရားငုတ္တိုကျေးရွာအုပ်စုနှင့် ကညင်ကိုင်းကျေးရွာအုပ်စုတို့မှ တောင်သူ ၁၈၀နှင့် မိုးစပါးဧက ၁၂၄၆ ဧကအတွက် ငွေကျပ် ၆၂၃ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်ကလည်းကောင်း**(အောက်ပုံ)**၊ တောင်သူ စုဆောင်း ငွေများအဖြစ် ငွေကျပ် ၉၃၁၅၀၀၀ ကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမျိုးမြင့်ကလည်းကောင်း တောင်သူများ ကိုယ်စား အစုအဖွဲ့ခေါင်းဆောင်များသို့ ပေးအပ်ကြသည်။

မြောင်းမြမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ဩဂုတ်လကုန်အထိ မြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ တောင်သူများကို ဘဏ်စည်းမျဉ်း စည်းကမ်းနှင့်အညီ တစ်ဧကလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား တာချီလိတ်၌ကျင်းပ

တာချီလိတ် ဇူလိုင် ၁၁

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများ နေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများအား ဂုဏ်ပြု ဆုငွေများ ချီးမြှင့်သည်။ ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်သူများ၊ ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့သူများ၊ အလှူရှင် များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်အမျိုးသမီးရေးရာအဖွဲ့)

မိုးချိန်အတွင်းနားကိုက်ရောဂါ မဆိုင်းမတွဆေးကုသကြရန်

ရန်ကုန် ဇူလိုင် ၁၁

သွန်းဝသန်

မိုးတွင်းကာလအတွင်း တောင်သူအများစုနှင့် စိုစွတ်သည့်အလုပ်နေရာများတွင် အချိန်ကြာနေရသူအများစု နားကိုက်ခြင်းဝေဒနာကို ခံစားရလွယ်နေကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများထံမှ သိရှိရသည်။

"အခုအချိန်မှာ ဆေးရုံကိုလာပြကြသူအများစုက နားကိုက်တာကို လာပြကြတာ။ ရောဂါရဲ့ဇာစ်မြစ်ကို မေးမြန်းကြည့်လိုက်တော့ ခေါင်းကို အမြဲလျှော်တာ၊ မိုးမိလာရင် ခြောက်အောင်မသုတ်ဘဲထားကြတာတွေကြောင့် ဖြစ်တယ်။ ရေစိုနေတဲ့ နားကြောင့် နားမှာရေငွေ့ရိုက်ရာမှတစ်ဆင့် မှို(ဗက်တီးရီးယား)တွေပြန့်ပွားပြီး နားကိုက်လာကြရတယ်။ အများစုက နားကိုက်ရင် သက်သာစေတဲ့ ဆေးမြီးတိုတွေကို အသုံးပြုတဲ့အတွက် ရောဂါက ပိုပြီးဆိုးလာရတယ်"ဟု နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံမှ တာဝန်ခံဆရာဝန်ကြီးတစ်ဦးက ရှင်းပြသည်။

မိုးတွင်းကာလ၌ လေထုအတွင်း အစိုဓာတ်ရှိခြင်းကြောင့် ပြင်ပရှိအရာဝတ္ထုများတွင် မှိုစွဲသကဲ့သို့ပင် နားအတွင်းတွင်လည်း မှိုစွဲတတ်သည့်အပြင် အဆိုပါမှိုအများစုသည် နားကလော်ရင်း၊ နားကြက်တောင်ဖြင့် နားကျပ်ရင်းဖြင့် နားအတွင်းရှိ နားပွန်ရောင်ရမ်းခြင်း၊ နားစည်ရောင်ရမ်းခြင်းများဖြစ်ပွားပြီး အဆိုပါအနာများမှ ပြည်တည်ခြင်းနှင့် အနာများအတွင်း မှိုစွဲခြင်းတို့ကြောင့် ပြင်းထန်စွာ နားကိုက်ခြင်းကို ခံစားရတတ်ကြောင်း သိရှိရသည်။

"လူနာအများစုက နားကလော်ကြတာကြောင့် ပိုဆိုးရတာပါ။ ဆေးရုံကို ရောက်လာတာကလည်း မခံမရပ်နိုင်တဲ့အခြေအနေကျမှ လာကြတာဆိုတော့ ကုသဖို့ အချိန်ပေးရတာပေ့ါ။ အကောင်းဆုံးကတော့ မိုးတွင်းကာလမှာ အတတ်နိုင်ဆုံး နားကို ရေမစိုစေနဲ့၊ နားယားတိုင်း နားကြပ်တာမျိုးတွေ မလုပ်မိစေဖို့လိုပါတယ်။ နားကိုက်လာရင်လည်း ဆေးမြီးတိုနဲ့မကုသဘဲ အနည်းဆုံးပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးပတ်လည်အောင် သောက်သုံးသင့်ပါတယ်။ လိုအပ်ရင်အကိုက်အခဲ ပျောက်ဆေးကို ဆရာဝန် ညွှန်ကြားချက်အတိုင်း သောက်မယ်ဆိုရင် အမြန်ဆုံးသက်သာလာနိုင်ပြီး အကယ်၍ နားကိုက်လို့ ကလော်ရာက မသန့်တာနဲ့ထိုးမိလို့ နားပွန်တွေ၊ နားစည်တွေ ရောင်လာမယ်ဆိုရင် နားသန့်ဆေးထည့်တာမျိုးတွေလည်း မိမိသဘောနဲ့လုပ်လို့မရပါဘူး။ နားသန့်ဆေးကြောင့် နားထဲကနဖာချေးရှိတဲ့သူဆိုရင် မသက်သာဘဲ ပိုပြီးတော့ ဆိုးသွားနိုင်တဲ့အတွက် မခံမရပ်နိုင်ဖြစ်လာရင် အကောင်းဆုံးကတော့ တတ်ကျွမ်းတဲ့ ဆရာဝန်တွေဆီကို သွားပြသင့်ပါတယ်"ဟု နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန် ဒေါက်တာပြည့်ဖြိုးအောင်က ပြောကြားသည်။ ။

မိုးသီးနှံစိုက်ပျိုးစရိတ် မြို့လှမြို့နယ်ခွဲ၌ ထုတ်ချေး

မြို့လှ ဇူလိုင် ၁၁

ဗန်းမော်ခရိုင် မြို့လှမြို့နယ်ခွဲ အတွင်းရှိ ရပ်ကွက်လေးခုနှင့် ကျေးရွာနှစ်ရွာမှ တောင်သူများအား ရွှေကူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်အတွက် ဘဏ်ချေးငွေကို တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ဇူလိုင် ၅ ရက်က မင်းကျောင်းကုန်းကျေးရွာ၌ စတင် ထုတ်ချေးပေးခဲ့ရာ တောင်သူ ၁၀၂ ဦးကို မိုးစပါးစိုက်ဧက ၅၂၃ ဧကအတွက် ချေးငွေကျပ် ၂၆ ဒသမ ၅သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သရက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

သရက် ဇူလိုင် ၁၁

သရက်ခရိုင် သရက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ ဇွန် ၂၈ ရက်က သရက်မြို့နယ် တလပါးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ပြည်သူများနှင့်ကျောင်းသား ကျောင်းသူများအား မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်စိန်နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် လဝက)

စာအုပ်စာပေ
လူ့မိတ်ဆွေ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းနှင့်အတူ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစံထွန်း၊ တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များနှင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ (UNHCR) ရုံးခွဲ ဖွင့်လှစ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်ကုန်း၌ ရာသီပတ်လည် ပြောင်းစိုက်ပျိုး

တပ်ကုန်း ဇူလိုင် ၁၁

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ကျေးရွာအချို့တွင်ရှိသော တောင်သူအများစုသည် ရာသီပတ်လည် စိုက်ပျိုးနိုင်သော ပြောင်းဖူး စိုက်ပျိုးခြင်းဖြင့် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

'ကျွန်တော်တို့ရွာမှာ တစ်နှစ်ပတ်လုံး ပြောင်းဖူးစိုက်တယ်ဗျ'ဟု တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ တောင်သူ ကိုမင်းလွင်က ဆိုသည်။ ပြောင်းဖူးပင်သည် မိုးတွင်းကာလ၌ စိုက်ရက် ၇၅ ရက်ပြည့်ပြီးလျှင် ဆွတ်ယူရောင်းချနိုင်ပြီး နွေကာလများတွင် ၉၅ ရက်ခန့် စိုက်ပျိုးရသည်။ ထိုဒေသတစ်ဝိုက်ရှိ ပြောင်းဖူးစိုက် တောင်သူများ အများဆုံး သုံးသောမျိုးမှာ ပန်ခွန်ငါးနှင့် ရွှေတောင်တို့ ဖြစ်သည်။ ပတ္တမြားမှာမူ မျိုးစေ့ဈေးကြီးသဖြင့် တောင်သူအတွက် တွက်ခြေမကိုက်ဟု သိရသည်။

'အခုရာသီက ပြောင်းဖူးဆွတ်ချိန်လေ။ ကျွန်တော်တို့ တောင်သူတွေဆီက ၆၅ ကျပ်နဲ့ဝယ်ပြီး ပွဲစားတွေက ဒိုင်ကိုကျပ် ၇၀ နဲ့ ပြန်သွင်းတယ်'ဟု ကိုမင်းလွင်က ဆိုသည်။ အဖူးလိုက် ရောင်းရော၊ အခင်းလိုက်ဈေးဖြတ်ပြီးရောင်းတာမျိုးရော ရှိကြောင်း သိရသည်။ နွယ်ရစ်ကျေးရွာရှိ တောင်သူများသည် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင်လည်း ပန်းမုန်လာနှင့် ဂေါ်ဖီတို့ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။ ထွက်ရှိလာသော ရာသီကုန်များကိုမူ ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ နေပြည်တော်ရှိ ဈေးများသို့ တင်ပို့ရောင်းချကြောင်းလည်း သိရသည်။

(ရဲခေါင်ညွန့်)

မြန်မာ့အလင်း **ဟာသ**

ဘာမေးမိလို့လဲ

နာမည်ကြီးဗေဒင်ဆရာကြီးတစ်ဦးဆီသို့ လူတစ်ဦး ဗေဒင်လာမေးသည်။ အခန်းထဲ ဝင်လျှင်ဝင်ချင်း ဆရာကြီးက သူ၏ထုံးစံကို ပြောသည်။

"ကြိုက်ရာမေးခွန်းသုံးခု မေးနိုင်ပါတယ်…ဉာဏ်ပူဇော်ခ ငါးထောင်ပါ"

"ဟင် သုံးခုတည်းလား"

"ဟုတ်ပါတယ်…ကျန်နှစ်ခုကို မေးနိုင်ပါတယ်"

"ဗျာ . . . ကျွန်တော် ဘာမေးမိလို့လဲ"

"သုံးခုတည်းလားလို့မေးတယ်လေ၊ ကိုင်း နောက်ဆုံးတစ်ခုကို မေးပါ"

"အာ . . . ဘာတွေလဲဗျာ ဘာမှမမေးရသေးဘဲနဲ့-"

"မေးသမျှဖြေပေးနေတာပဲလေ··ကဲကဲ ငါးထောင်ရှင်းပြီး ပြန်နိုင်ပါပြီ" (အမ်အိုအီး)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍအရေးပါ အရည်အချင်းပြည့်ဝသော သင်တန်းသားများထွက်ပေါ်လာရေး သင်ကြားပေး

နေပြည်တော် ဇူလိုင် ၁၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (Center for Information and Communication Technology Trainings - CICTT)(လှိုင်)၌သင်တန်းဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားရာတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာအခန်းကဏ္ဍများ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်းကျောင်း(လှိုင်)သည် အရေးကြီးကြောင်း၊ ထို့ကြောင့် သင်တန်းဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝသော သင်တန်းသားသင်တန်းသူများထွက်ပေါ်လာရေး ကြိုးစားသင်ကြားပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းကျောင်းနှင့် ဂျပန်-မြန်မာ ဆက်သွယ်ရေးနည်းပညာသင်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ Online ဖြင့် စာမေးပွဲဖြေဆိုနေမှုများ၊ သင်ကြားသင်ယူနေမှုများ၊ စာသင်ခန်းများနှင့် လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မစ္စတာ ဂျဘားအလီ ဟူစိန် အယ်လ်ဟာဝါရှလာ အယ်လ်ဒိုဆာရီအား မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဂျဘားအလီ ဟူစိန် အယ်လ်ဟာဝါရှလာ အယ်လ်ဒိုဆာရီအား ခန့်အပ်ရန် ကာတာနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဂျဘားအလီ ဟူစိန် အယ်လ်ဟာဝါရှလာ အယ်လ်ဒိုဆာရီသည် ၂၈-၆-၁၉၆၃ ရက်တွင် မွေးဖွားခဲ့ပြီး ကာတာတက္ကသိုလ်မှ လူမှုဗေဒဆိုင်ရာ ဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်များအတွင်း ဒါကာ၊ ကူဝိတ်၊ ဂျီဘူတီ၊ အစ္စလာမာဘတ်၊ အဘူဒါဘီမြို့များရှိ ကာတာနိုင်ငံ သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးငါးဦး ရှိသည်။

မစ္စတာ ဂျဘားအလီ ဟူစိန် အယ်လ်ဟာဝါရှလာ အယ်လ်ဒိုဆာရီသည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဇူလိုင် ၈ ရက်က သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု အလယ်ရွာမူလတန်းကျောင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးညွန့်သိန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်လဝက)

လမ်းဆုံလမ်းခွ မီးပွိုင့်တပ်ဆင်ပေးသဖြင့် သွားလာရေးအဆင်ပြေ

ရွှေပြည်သာ ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ထန်းခြောက်ပင်လမ်းဆုံတွင် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားအင်ဂျင်နီယာဌာနက ဇွန်လလယ်မှ စတင်၍ မီးပွိုင့်များကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

တပ်ဆင်ပေး

အဆိုပါလမ်းဆုံသည် ရွှေပြည်သာမြို့နယ်၏ ယာဉ်များသွားလာမှု အဓိကကျသော မြို့ဝင်မြို့ထွက် လေးလမ်းသွားလမ်းဆုံဖြစ်ပြီး ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားသည့် နေရာလည်းဖြစ်သည်။ ထို့ကြောင့် လူသွားလူလာများပြားကာ ခရီးသည်တင်ယာဉ်များ မောင်းနှင်သွားလာရာတွင် ရှုပ်ထွေးမှုများရှိခဲ့သည်။ ယခင်က လမ်းကျဉ်းသည့်အပြင် မီးပွိုင့်များတပ်ဆင်မှုမရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ပြီး မကြာခဏဆိုသလို ယာဉ်တိုက်မှုများ ဖြစ်လေ့ရှိသည့် နေရာလည်းဖြစ်သည်။ ယခုဆိုလျှင် အဆိုပါလမ်းဆုံကို တာဝန်ရှိသူများက ပွိုင့်ယူ၍ အဓိကလမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းတို့အား အရှည်ပေ ၁၇၀ စီနှင့် မူလလမ်းသားအပြင်ဝဲယာ ရှစ်ပေစီတိုးချဲ့၍ ပြင်ဆင်ပေးခဲ့ပြီး မီးပွိုင့်များလည်း တပ်ဆင်ပေးခဲ့ပြီးနောက်

(အောက်ပုံ)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်မောင်းများ၊ ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရှိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

အာရှ၌ အကြီးဆုံးအပျော်စီးသင်္ဘောကြီး ဂျပန်နိုင်ငံ ကိုဘေးမြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်

အိုဆာကာ ဇူလိုင် ၁၁

အာရှ၏ အကြီးဆုံးအပျော်စီးသင်္ဘောကြီး ဗိုယာဂါသည် တရုတ်နိုင်ငံမှခရီးသည် ၃၅၀၀ ခန့်ကို တင်ဆောင်ကာ ဂျပန်နိုင်ငံအနောက်ပိုင်း ကိုဘေးမြို့ဆိပ်ကမ်းသို့ ဇူလိုင် ၁၀ ရက်က ဆိုက်ရောက်လာခဲ့ကြောင်း ဂျပန်မီဒီယာများက ဇူလိုင် ၁၁ ရက်၌ ဖော်ပြသည်။

လှိုက်လှဲစွာကြိုဆို

အဆိုပါ အပျော်စီးသင်္ဘောကြီး **(ဓါတ်ပုံ)**သည် အရှည် ၃၁၁ မီတာရှိပြီး အလေးချိန် ၁၃၇၂၇၆ တန်ရှိသည်။ ခရီးသည်နှင့် သင်္ဘောဝန်ထမ်း ၃၅၀၀ ကျော်ကို တင်ဆောင်မောင်းနှင်နိုင်သောသင်္ဘောကြီးလည်းဖြစ်သည်။ ၎င်းသင်္ဘောကြီးအား ကိုဘေးမြို့ဆိပ်ကမ်းမှနေ၍ ဒေသခံပြည်သူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ အာရှ၏အကြီးဆုံးအပျော်စီးသင်္ဘောကြီး ဗိုယာဂါကို ရွိုင်ရယ်ကာရစ်ဘီယံအင်တာနေရှင်နယ်ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်္ဘောကြီးသည် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းမှ ဇူလိုင် ၇ ရက်ကထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ ကိုဘေးမြို့သို့ ဇူလိုင် ၁၀ ရက်က ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ယင်းအပျော်စီးသင်္ဘောကြီးသည် ကိုဘေးမြို့ဆိပ်ကမ်းမှနေ၍ ဂျပန်နိုင်ငံ နာဂါစကီမြို့ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ထိုမှဆက်လက်ပြီး တောင်ကိုရီးယားနိုင်ငံ ဂျီဂျူးကျွန်းသို့ မောင်းနှင်မည်ဖြစ်သည်။ ဗိုယာဂါအပျော်စီးသင်္ဘောကြီးသည် ဂျပန်နိုင်ငံ ကိုဘေးမြို့ဆိပ်ကမ်းသို့ ပထမဆုံးဆိုက်ရောက်လာခြင်းဖြစ်ပြီး လာမည့်သြဂုတ်နှင့် စက်တင်ဘာလတို့တွင် ကိုဘေးမြို့ဆိပ်ကမ်းသို့ ထပ်မံဆိုက်ရောက်ရန်စီစဉ်ထားသည်။ **(အင်တာနက်)**

စင်ကာပူမှ သားငယ်လေး ကိုင်လာလမ်း အသက် ၁၈ လ အရွယ်၌ မဂ္ဂဇင်းဖတ်ရှုနိုင်

စင်ကာပူ ဇူလိုင် ၁၁

စင်ကာပူနိုင်ငံမှ အသက် လေးနှစ်အရွယ် သားငယ်လေးတစ်ဦးသည် ၁၈ လ အရွယ်ကပင် မဂ္ဂဇင်းများကို ကျွမ်းကျင်စွာဖတ်ရှုနိုင်ခဲ့သော ဦးနှောက်ဉာဏ်ရည်ထူးထူးခြားခြားမြင့်မားသည့် ဉာဏ်ကြီးရှင်တစ်ဦးဖြစ်ကြောင်း ဇူလိုင် ၁၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ကိုင်လာလမ်းအမည်ရှိ အဆိုပါ သားငယ်လေး **(ယာပုံ)**သည် အသက် ၁၈ လအရွယ်ကပင် သူ၏အိပ်ခန်းအတွင်း မဂ္ဂဇင်းတစ်စောင်ဖတ်ရှုနေသည်ကို သူ၏မိဘနှစ်ပါးက အံ့သြဖွယ်ရာတွေ့ရှိခဲ့ရာမှ သတိပြုမိခဲ့ကြခြင်းဖြစ်သည်။ ကိုင်လာလမ်းအား မိဘများက စာသင်ကြားပေးခြင်းလည်းမရှိဘဲ ကိုယ်ပိုင်ဦးနှောက်စွမ်းအားဖြင့် ဖတ်ရှုနိုင်ခြင်းဖြစ်သည်။ ကိုင်လာလမ်းသည် အသက် ၁၈ လအရွယ်ကပင် အင်္ဂလိပ်စကားလုံးဝေါဟာရများ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ကောင်းစွာသိရှိပြောပြနိုင်သူဖြစ်ပြီး မဂ္ဂဇင်းနှင့် စာအုပ်များကို ကောင်းစွာ ဖတ်ရှုလေ့လာနိုင်သူတစ်ဦးလည်းဖြစ်သည်။ သူ၏မိဘနှစ်ပါးဖြစ်သော ဖခင်ဖြစ်သူ စတိဗ်လမ်းနှင့်မိခင်ဖြစ်သူ ဖီလီစီရာတို့က ကိုင်လာလမ်း၏ ဦးနှောက်ဉာဏ်ရည်အဆင့်ကို ပညာရှင်များနှင့် စစ်ဆေးခဲ့ရာ ဉာဏ်ရည်အဆင့် ၁၄၀ ရှိကြောင်း သတ်မှတ်ခဲ့သည်။

အရွယ်ရောက်ပြီးဖြစ်သည့် စင်ကာပူနိုင်ငံသားများ၏ ပျမ်းမျှဦးနှောက်ဉာဏ်ရည် အဆင့်မှာ ၁၀၃ သာရှိရာ ကိုင်လာလမ်း၏ ဦးနှောက်ဉာဏ်ရည်မှာ သာမန်ထက်မြင့်မားနေခြင်းဖြစ်သည်။ ယခုအခါ ကိုင်လာလမ်းသည် ဗဟုသုတဆိုင်ရာ စွယ်စုံကျမ်းစာအုပ်များကို လေ့လာခြင်း၊ ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်များကို ဖတ်ရှုခြင်းများ ပြုလုပ်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲသူတစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦးဖြစ်လိုကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပတ်ချုံဟီး၏သမီး သမ္မတရွေးကောက်ပွဲဝင်မည်

ဆိုးလ် ဇူလိုင် ၁၁

တောင်ကိုရီးယားခေါင်းဆောင်ဟောင်း ပတ်ချုံဟီး၏သမီး အသက် ၆၀ အရွယ်ရှိ ပတ်ဂွန်တိုင်က သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်တွင် ထုတ်ဖော်ကြေညာလိုက်သည်။ **(ယာပုံ)**

သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်သူတစ်ဦးအနေဖြင့် သူက လူမှုသက်သာချောင်ချိရေးအစီအစဉ်များကို တိုးချဲ့အကောင်အထည်ဖော်မည်ဟုပြောဆိုပြီး တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား နက်ရှိုင်းစွာ အဆင်မပြေဖြစ်မှုများကို အဆုံးသတ်စေရမည်ဟုလည်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကြိုးပမ်းမည်

ထို့ပြင် တောင်ကိုရီးယားနိုင်ငံကို ပြည်သူတိုင်း မျှော်လင့်ချက်ပြည့်ဝစေမည့်နိုင်ငံအဖြစ် ဖန်တီးရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ကတိပြုလိုက်သည်။ **(အင်တာနက်)**

တိရစ္ဆာန်ရုံခြံစည်းရိုးကျော်သူ ကျားများ ဝိုင်းကိုက်သတ်

ကိုပင်ဟေဂင် ဇူလိုင် ၁၁

ဒိန်းမတ်နိုင်ငံ မြို့တော်ကိုပင်ဟေဂင်ရှိ တိရစ္ဆာန်ရုံတစ်ရုံ၌ ဇူလိုင် ၁၁ ရက်က တိရစ္ဆာန်ရုံခြံစည်းရိုးကို ကျော်တက်သော အမျိုးသားတစ်ဦးအား ကျားများကိုက်၍ သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

တိရစ္ဆာန်ရုံဝန်ထမ်းများ လုပ်ငန်းခွင်သို့ ဝင်ရောက်လာချိန် ကိုပင်ဟေဂင် တိရစ္ဆာန်ရုံ၌ အသက် ၂၀ ဝန်းကျင်အမျိုးသားတစ်ဦးအား ကျားသုံးကောင် ဝိုင်းကိုက်ထားသည်ကို တွေ့ရကြောင်း၊ ၎င်းအမျိုးသားသည် မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုနိုင်သေးကြောင်း ရဲအရာရှိလာဆော့စ်က ရိုက်တာသို့ ပြောကြားသည်။

ကျားများက ၎င်းအမျိုးသားအား တိုက်ခိုက်ပြီး ကိုက်သတ်ခဲ့ခြင်းဖြစ်ကြောင်း လည်မျိုတွင် ကျားကိုက်ရာဒဏ်ရာနှင့်သေဆုံးလျက် တွေ့ရခြင်းဖြစ်ကြောင်း ရဲအရာရှိက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

၅၇ နှစ်ကာလအတွင်း ပထမဆုံးခရီးစဉ်အဖြစ် ကန်နိုင်ငံခြားရေးဝန်ကြီး လာအိုသို့ သွားရောက်

ဗီယင်ကျန်း ဇူလိုင် ၁၁

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ၅၇ နှစ်တာအတွင်း သမိုင်းဝင်ခရီးအဖြစ် လာအိုနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပထမဆုံးသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာကြောင်း ဇူလိုင် ၁၁ ရက်သတင်းတွင် ဖော်ပြထားသည်။

ဟီလာရီကလင်တန် လာအိုနိုင်ငံလေဆိပ်သို့ ရောက်ရှိစဉ်။

သူမ လာအိုနိုင်ငံသို့ လာရောက်ခြင်းမှာ စီးပွားရေးနှင့် မပေါက်ကွဲသေးသောဗုံးများ ဖယ်ရှားရေးကိစ္စများ ဆွေးနွေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ၎င်းသည် လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်နှင့် နိုင်ငံခြားရေးဝန်ကြီး သွန်လွန်းဆီဆိုလစ်တို့ကိုလည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ယခုနှစ်တွင် လာအိုနိုင်ငံ၌ ဗီယက်နမ်စစ်ပွဲမှ ကြွင်းကျန်ရစ်သော မပေါက်ကွဲသေးသည့် ဗုံးများရှင်းလင်းရေးအတွက် အမေရိကန်ဒေါ်လာကိုးသန်း အကုန်ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ မစ္စစ်ကလင်တန်သည် ထိုမှဆက်လက်၍ အာဆီယံအစည်းအဝေးအတွက် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်စစ်ပွဲအတွင်း ဗုံးတန်ချိန် နှစ်သန်းကြဲချခဲ့ရာ မပေါက်ကွဲသေးသော ဗုံးများမှာ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျက်ရှိသည်။ အမေရိကန်ထိပ်တန်းသံတမန်တစ်ဦးဖြစ်သည့် ဂျွန်ဖော်စတာဒူးလ်လက်သည် ၁၉၅၅ ခုနှစ်က လာအိုနိုင်ငံသို့ နောက်ဆုံးခရီးအဖြစ် လာရောက်လည်ပတ်ခဲ့သည်။ **(အင်တာနက်)**

ဖွံ့ဖြိုးရေးညီလာခံ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပ

ဂျကာတာ ဇူလိုင် ၁၁

အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့နိုင်ငံပေါင်း ၄၆ နိုင်ငံပါဝင်သော ဖွံ့ဖြိုးရေးညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိကြောင်း အင်ဒိုနီးရှားမီဒီယာများက ဇူလိုင် ၁၀ ရက်တွင် ဖော်ပြသည်။

ညီလာခံကို ဘာလီကျွန်း စူဆာဒူအာ၌ ကျင်းပပြီး အင်ဒိုနီးရှားဒုတိယသမ္မတ ဘိုဒီနိုးက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ညီလာခံသို့ အင်ဒိုနီးရှားအပါအဝင် အာရှနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၄၆ နိုင်ငံက ကိုယ်စားလှယ်ပေါင်း ၃၀၀ တက်ရောက်ခဲ့ကြသည်။

အုပ်စုဝင်နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်လျက် ညီလာခံကျင်းပခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက ယခုအခါ ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံအဆင့်မှ ထွန်းသစ်စဈေးကွက်ဝင်နိုင်ငံအဆင့်သို့ တက်လှမ်းနေစဉ် ဤညီလာခံကို လက်ခံကျင်းပခြင်းဖြစ်သည်ဆို၏။ **(အပေါ်ပုံ)** **(အင်တာနက်)**

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးလေကြောင်း တိုက်ခိုက်

ဂါဇာစီးတီး ဇူလိုင် ၁၁

သိမ်းပိုက်ထားသည့် ဂါဇာကမ်းမြောင်ကို ဇူလိုင် ၁၀ ရက်က အစ္စရေးစစ်လေယာဉ်များက လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ လောလောဆယ်တွင် ထိခိုက်သေဆုံးမှုသတင်းများ မရရှိသေးဟုဆိုသည်။

အစ္စရေးအစိုးရက ပါလက်စတိုင်းဒေသအတွင်း ထိုးစစ်သဘောမျိုးဖြင့် ဇူလိုင် ၁၀ ရက်က အစ္စရေးလေကြောင်း တိုက်ခိုက်မှုများ ဆင်နွှဲခြင်းဖြစ်သည်ဟု ပရက်စ်တီဗွီက ဖော်ပြသည်။

ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ ဟားမတ်စ်အုပ်စုစခန်းနှစ်ခုကို ပစ်မှတ်ထား၍ အစ္စရေးလေတပ်က တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဇူလိုင် ၁၀ ရက်တွင် ကြေညာသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၁-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ဖူဂျီတောင်ပေါ်၌ လျှင်အက်ကွဲကြောင်းကြီးတွေ့ရှိ

ဂျပန်နိုင်ငံ ယာမာနာရှီစီရင်စုရှိ ဖူဂျီတောင်ပေါ်၌ တောင်အတက်လမ်းခုလတ်တစ်နေရာတွင် မြေငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် မီတာ ၂၀ အရှည်ရှိအက်ကွဲကြောင်းကြီးတစ်ခုကိုတွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇူလိုင် ၁၁ ရက်တွင် ပြောကြားသည်။ အဆိုပါအက်ကွဲကြောင်းကြီးသည် ပြီးခဲ့သည့်နှစ်မတ်လတွင် ရှီကျူိကာစီရင်စုအရှေ့ပိုင်းဝန်းကျင်၌ ဗဟိုပြုလုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့မှုကြောင့် ဖြစ်နိုင်သည်ဟုယုံကြည်ခဲ့သည်။ ယင်း အက်ကွဲကြောင်းကြီးသည် ကျယ်ဝန်းနက်ရှိုင်းပြီး ယခုအခါသဲနှင့်ကျောက်စရစ်ခဲများဖုံးအုပ်လျက်ရှိကြောင်း ယာမာနာရှီစီရင်စုအာဏာပိုင်များက ပြောကြားသည်။ ဖူဂျီတောင်နှင့်တောင်ဝန်းကျင်အား လေ့လာစောင့်ကြည့်မှုများပြုလုပ်ခဲ့ရာ ပုံမှန်အနေအထားအတိုင်းရှိပြီး မီးတောင်ပေါက်ကွဲမည့်လက္ခဏာ တစ်စုံတစ်ရာမတွေ့ရကြောင်း ဂျပန်မိုးလေဝသဌာနမှ အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ဂျပန်မီဒီယာများက ဖော်ပြသည်။ ယင်းအက်ကွဲကြောင်းကြီးသည် မီးတောင်ပေါက်ကွဲမှုကြောင့်မဟုတ်ဘဲ မြေငလျင်ကြောင့်ဖြစ်သည်ဟု အတည်ပြုခဲ့ကြသည်။ (အောက်ပုံ)



အမေရိကန်နိုင်ငံ၌ လူငယ်တစ်ဦး မိကျောင်းကိုက်ခံရ

အမေရိကန်နိုင်ငံမှ ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ဖလော်ရီဒါပြည်နယ်ရှိ မြစ်တစ်မြစ်အတွင်း ရေကူးနေစဉ်အရှည် ၁၁ ပေရှိ မိကျောင်းခေါင်းတိုတစ်ကောင်က ကိုက်ခဲ့သဖြင့် ၎င်း၏ညာလက်မောင်းဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၁၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကာလက်လန်ဒလီအမည်ရှိ အသက် ၁၇နှစ်အရွယ် အဆိုပါလူငယ်သည် ဖလော်ရီဒါပြည်နယ် ကာလိုဆာဟတ်ချီမြစ်အတွင်းရေကူးနေစဉ် ယင်းမိကျောင်းနှင့် မမျှော်လင့်ဘဲကြုံတွေ့ကာ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ကံကောင်းထောက်မစွာဖြင့် အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း၊ တွေ့ရှိသူများကမိကျောင်းအားဖမ်းပြီးသတ်ခဲ့ကြောင်း တောရိုင်းတိရစ္ဆာန်အရာရှိများက ပြောကြားခဲ့သည်။ မိကျောင်းတိုက်ခိုက်ခံရမှုကြောင့် ၎င်းလူငယ်၏လက်မောင်းမှာ ဒဏ်ရာပြင်းစွာရရှိကာ မူလပကတိအတိုင်းမဖြစ်နိုင်တော့ကြောင်း ဖော့မိုင်ယားဆေးကုသရေးဌာနမှ ဆရာဝန်များက ပြောကြားသည်။ မိကျောင်းခေါင်းတိုများသည် ရံဖန်ရံခါမှသာ လူများကို တိုက်ခိုက်တတ်ကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

ကမ္ဘာ့ပြည်သူများအတွက် အသက်ပမာ ရေ

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

“ကမ္ဘာ့ရေနေ့”ကို ၂၀၁၂ ခုနှစ် မတ်လက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြား၌ကျင်းပခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနီနရို (Rio-de-Janeiro) မြို့၌ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (United Nations Conference on Environment and Development UNCED) က ရေနှင့် ဆက်နွယ်သောကိစ္စရပ်များကို ကမ္ဘာမှ ပိုမိုအလေးထားကြစေရေးအတွက် ရေချို (Fresh-water-ရေ)နှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများဆောင်ရွက်ရန် စတင်အဆိုပြုခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ထိုအဆိုပြုချက်ကို တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ပြီး မတ်လ ၂၂ ရက်ကို "World Water Day" **“ကမ္ဘာ့ရေနေ့”** အဖြစ် သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ၁၉၉၃ခုနှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအများအပြား၌ နှစ်စဉ် မတ်လ ၂၂ ရက်နေ့တွင် “ကမ္ဘာ့ရေနေ့” အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ကျင်းပခဲ့ကြသည်။

၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်နေ့က ကျင်းပပြီးစီးခဲ့သည့် “ကမ္ဘာ့ရေနေ့” ၏ Theme မှာ **"Water and Food Security" - “ရေနှင့်စားနပ်ရိက္ခာအာမခံချက်ရှိရေး”** ဖြစ်ရာ ထုတ်လုပ်သူများရော သုံးစွဲသူများပါ ရေကိုအလေးထားပြီး စနစ်တကျသုံးစွဲခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရေးဖြစ်ပါသည်။ စားနပ်ရိက္ခာထုတ်လုပ်ရာတွင် ရေသည် အဓိကအရေးပါသောကြောင့် ဖြစ်သည်။

“ကမ္ဘာ့ရေနေ့”ကို ကျင်းပခဲ့ကြသော နိုင်ငံများအနက် ကနေဒါနိုင်ငံက ရေချိုများထာဝစဉ်တည်တံ့စေရေးနှင့် စီမံခန့်ခွဲခြင်းတို့ကို အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ကမ္ဘာ့ရေနေ့တွင်သာမက တစ်နှစ်ပတ်လုံးဆောင်ရွက်ကြရမည်ဖြစ်ရာ ရေနှင့်ဆက်နွယ်နေသည့်ပြဿနာများကို စူးစမ်းရှာဖွေပြီး ဖြေရှင်းရန်အတွက် ဒေသဆိုင်ရာအဆင့်များသာမက အမျိုးသားအဆင့်ပါ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ၂၀၁၂ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အဖြစ် ယင်းတို့နိုင်ငံမှ ရေလှောင်ကန်များ၏ ဓာတ်ပုံများဖြင့် တံဆိပ်ခေါင်း ၁၀ မျိုး ထုတ်ဝေခဲ့ကြောင်း၊ တံဆိပ်ခေါင်း ၁၀ လုံး တစ်စုံကို စင်ကာပူဒေါ်လာ ၃ ဒသမ ၈၀ (မြန်မာငွေကျပ် ၂၅၀၀ ခန့်) ဖြင့် ရောင်းချခဲ့ကြောင်း ကြားသိရသည်။ သောက်သုံးရေများ ပေးဝေသည့် ရေလှောင်ကန်များ၏ဓာတ်ပုံများဖြင့် တံဆိပ်ခေါင်းထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ရေ၏အရေးပါပုံကို ကမ္ဘာတစ်ဝန်းမှ ပိုမိုအလေးထားလာကြစေရန်နှင့် ရေအရင်းအမြစ်များကို ရေရှည်တည်တံ့စေနိုင်မည့် စီမံခန့်ခွဲမှုများ(Sustainable Management) ချမှတ်ဆောင်ရွက်သူများအား ထောက်ခံခြင်းဖြစ်ကြောင်း သိရှိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် **“ကမ္ဘာ့ ရေနေ့”** အခမ်းအနားကို စွမ်းအင်နှင့် ရေဝန်ကြီးဌာန (Ministry of Energy and Water) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ ပူးပေါင်းကျင်းပခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ စွမ်းအင်နှင့် ရေဝန်ကြီးဌာနဝန်ကြီးနှင့် အခြားဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊ ပါလီမန်မှ ကိုယ်စားလှယ်များနှင့် ပညာရှင်ပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း၊ ကဘူးပြည်နယ်တွင် ရိုးရာရေသွင်းနည်းစနစ်ကို ပြောင်မြောက်စွာ စီမံခန့်ခွဲခဲ့သူ ငါးဦးအား ဆုချီးမြှင့်ခဲ့ကြောင်း ကြားသိရသည်။

ဂါနာနိုင်ငံတွင်လည်း **“ကမ္ဘာ့ရေနေ့”** ကို FAO က ကြီးမှူးကျင်းပခဲ့ရာ ကောက်ပဲသီးနှံစိုက်ပျိုးရေးတွင် ရေကိုတစ်နှစ်ပတ်လုံးရရှိနိုင်ရေးအတွက် အလေးပေးဆွေးနွေးခဲ့ကြကြောင်း၊ ထိုနိုင်ငံ၌ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကအားထားရခြင်းကြောင့် ဖြစ်ကြောင်း သိရှိရသည်။

မက္ကဆီကိုနိုင်ငံ၌ အစိမ်းရောင်ငြိမ်းချမ်းရေး (Greenpeace) အဖွဲ့ဝင်များက စန်တီရေဂိုမြစ်ရှိ Salto de Juanacatlan ရေတံခွန်တွင် အသက်ကယ်ဝတ်စုံများနှင့် မျက်နှာဖုံးများဝတ်ဆင်ပြီး ကနူးလှေငယ်များဖြင့် “အဆိပ်သင့်နေသော မက္ကဆီကန်မြစ်များ” ဟု ရေးသားထားသည့် စာတန်းများကို လွှင့်ထူလျက်“ကမ္ဘာ့ရေနေ့” အထိမ်းအမှတ်အဖြစ် လှုပ်ရှားခဲ့ကြသည်။ စန်တီရေဂိုမြစ်သည် မက္ကဆီကိုနိုင်ငံရှိ အညစ်ညမ်းဆုံးမြစ်များတွင် တစ်စင်းအပါအဝင် ဖြစ်ကြောင်း၊ ရေထုညစ်ညမ်းသွားပါက စိုက်ပျိုးရေး၊ စားသောက်ကုန်ထုတ်လုပ်ရေးနှင့် အခြားလုပ်ငန်းများအတွက် ရေရရှိမှုနည်းသွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်ရေများအား ပြုပြင်ပေးခြင်းသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှု (Water Resource Management) တွင် အရေးပါကြောင်း၊ စွန့်ပစ်ရေများကို စနစ်တကျပြုပြင်ပြီးမှ မြစ်များ၊ ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ သက်ရောက်မှုရှိနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် စွန့်ပစ်ရေများကို ပြုပြင်ပေးခြင်းသည် စားနပ်ရိက္ခာအာမခံချက်ရှိရေးနှင့် ဆက်နွယ်နေကြောင်း မှတ်သားရပါသည်။ ကာရေဘီယံဒေသရှိ အိမ်ထောင်စုများအနက် ၁၇ ရာခိုင်နှုန်းခန့်သည်သာလျှင် မိလ္လာရေများကို စုဆောင်းခြင်း၊ ပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်ပြီး ကာရေဘီယံပင်လယ်အတွင်းသို့စီးဝင်သော စွန့်ပစ်ရေပမာဏ၏ ၈၅ ရာခိုင်နှုန်းခန့်သည် တစ်စုံတစ်ရာ ပြုပြင်မှုမရှိဘဲ တိုက်ရိုက်စီးဝင်နေခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း “ကမ္ဘာ့ရေနေ့”ကို ခမ်းနားစွာ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီကလင်တန် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ရာတွင်-

(၁) ကျွန်ုပ်တို့ လူသားများအားလုံးကို အကျိုးပြုလျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် ကြိုးပမ်းမှုများတွင် ရေသည် အချက်အချာအကျဆုံး ဖြစ်သည်။

(၂) သန့်ရှင်းသောသောက်ရေကို လုံလောက်စွာ မရရှိကြသည့် လူသားများ၏ထက်ဝက်ကို လျှော့ချရန် ကြိုးပမ်းရာတွင် ကျွန်ုပ်တို့နောက်ထပ်မည်မျှအထိ ဆောင်ရွက်ရဦးမည်ကို အရှိအတိုင်း ကြည့်မြင်ရန် အရေးကြီးသည်။ ယခုနှုန်းထားအတိုင်းသွားမည်ဆိုပါလျှင် ၂၀၁၅ ခုနှစ်သို့ ရောက်ရှိသည့်တိုင် လူပေါင်း သန်း ၇၀၀ ခန့်သည် သန့်ရှင်းသောသောက်ရေကို မရရှိကြသေးဘဲ ရှိနေဦးမည်ဖြစ်သည်။

(၃) National Intelligence Council ၏အစီရင်ခံစာတွင် ကမ္ဘာ့ရေအာမခံချက် (Global Water Security) ရှိခြင်းသည် အနာဂတ်၏ ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် ချမ်းသာကြွယ်ဝမှု (Peace, Security and Prosperity) တို့အတွက် အလွန်အရေးပါသည်။

(၄) ကမ္ဘာ့လူဦးရေတိုးပွားနှုန်းသည် ဆက်လက်၍ မြင့်မားနေဦးမည်ဖြစ်သဖြင့် ရေသုံးစွဲမှုသည်လည်း ပိုမိုများပြားလာမည်ဖြစ်သည်။ သို့ရာတွင် ရေချိုထောက်ပံ့နိုင်မှုသည် ရေသုံးစွဲမှုကို အမီလိုက်နိုင်မည်မဟုတ်ပါဟု ပြောကြားသွားသည်။

အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်း၊ အာရှတောင်ပိုင်းများတွင် ရေအရင်းအမြစ် ရှားပါးမှု၊ မြေအောက်ရေ ယုတ်လျော့မှု၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေအရင်းအမြစ်များအပေါ် သက်ရောက်မှုစသည်များကို ဖော်ထုတ်နိုင်ရန်အတွက် နည်းပညာများ ကူညီပေးလျက်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကူညီပေးလျက်ရှိရာ ရေပေးဝေနိုင်မည့် နေရာပေါင်း ၁၀ သန်းအထိ ရရှိအောင် စီစဉ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ အီသီယိုးပီးယားနှင့် မာဒါဂါစကား (Madagascar) နိုင်ငံများတွင်လည်း သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းသော မိလ္လာစနစ်ဖြစ်ရေးတို့အတွက် ကူညီပေးလျက်ရှိကြောင်း၊ ဟေတီနိုင်ငံတွင်လည်း ဝမ်းရောဂါကဲ့သို့သော ရေကြောင့်ဖြစ်တတ်သည့် ရောဂါဆိုးများမှ ကာကွယ်ရေးအတွက် ရေအလုံအလောက်ရရှိရန် ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေသန့်ရှင်းရေးအတွက် ရေလှောင်ကန်များ၏ ရေဝေရေလဲဒေသများကို ကာကွယ်ပေးခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ရေသွင်းစနစ်များကို ပြန်လည်တည်ဆောက်ပေးခြင်း စသည်တို့ကို ကူညီထောက်ပံ့လျက်ရှိကြောင်း ကြားသိရသည်။

ဤသို့ ကမ္ဘာ့နိုင်ငံအများအပြားမှ “ကမ္ဘာ့ရေနေ့” ကိုကျင်းပကြပြီး ရေကိုတန်ဖိုးထား၍ အလေးထားကြစေရန် တိုက်တွန်းနှိုးဆော်နေကြရခြင်းမှာ သဘာဝတရားက ပေါများစွာ ဖန်တီးပေးထားသော ရေအရင်းအမြစ်များ ရှားပါးသွားလျှင်သော်လည်းကောင်း၊ ခန်းခြောက်ပျောက်ကွယ်သွားလျှင်သော် လည်းကောင်း၊ ညစ်ညမ်းသွားလျှင်သော်လည်းကောင်း၊ လူသားများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည်များကို ထိခိုက်ပျက်ပြားစေနိုင်သည်သာမက ဂေဟစနစ်များပြောင်းလဲပြီး သဘာဝပတ်ဝန်းကျင်ကိုပါ ယိုယွင်းပျက်စီးစေနိုင်သောကြောင့် ဖြစ်သည်။

နိုင်ငံတကာရေဘက်ဆိုင်ရာ ပါရဂူများ၊ ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်များသည် အောက်ဖော်ပြပါအကြောင်းများကြောင့် ယုတ်လျော့လျက်ရှိကြောင်း သိရှိရသည်။

(၁) လူဦးရေတိုးပွားလာသဖြင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း။

(၂) နိုင်ငံအများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသဖြင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း။

(၃) အချို့နိုင်ငံများ၌ ရေပေးဝေရာတွင် စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့် ရေယိုစိမ့်မှုများ၊ ဖြုန်းတီးမှုများ များပြားနေခြင်း။

(၄) အချို့နိုင်ငံများမှ ပြည်သူများ နိုင်ငံကြီးသား မပီသကြသဖြင့် ရေကို အလဟဿ ဖြုန်းတီးမှုများ များပြားလျက်ရှိခြင်း။

(၅) မြို့ပြများ၌ ဥယျာဉ်များ၊ ပန်းခြံများမှ မြက်ခင်းများ၊ ပန်းပင်သစ်ပင်များကို ရေလောင်းရာတွင် ရေကိုလိုအပ်သည်ထက်ပို၍ အလျှံအပယ် သုံးစွဲနေကြခြင်း။

(၆) လယ်ယာစိုက်ပျိုးရေး၌ ဆည်ရေများနှင့်မြစ်ရေများ (မြစ်ရေတင်ခြင်းမှ)ကို လိုအပ်သည်ထက် ပိုမိုသုံးစွဲကြခြင်း။

(၇) အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ကြခြင်းကြောင့် ရေချိုရေကောင်းများသည် သုံးစွဲ၍မရနိုင်သည့် ညစ်ညမ်းရေ ဖြစ်သွားခြင်း။

(၈) လူတို့၏ အညစ်အကြေးများကို မဆင်မခြင် မြစ်ချောင်းအင်းအိုင်များအတွင်းသို့ စွန့်ပစ်ကြသဖြင့် ရေချိုရေကောင်းများသည် သုံးစွဲ၍ မရနိုင်သည့် ညစ်ညမ်းရေများ ဖြစ်သွားခြင်း။

(၉) စက်ရုံများမှ စွန့်ပစ်ရေများကို မသန့်စင်ဘဲ(untreated) တိုက်ရိုက်စွန့်ပစ်ကြသဖြင့် မြစ်ချောင်းအင်းအိုင်များရှိ ရေချိုရေကောင်းများသည် သုံးစွဲ၍ မရနိုင်သည့် ညစ်ညမ်းရေများဖြစ်သွားခြင်း။

(၁၀) စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲခြင်းကြောင့် ရေချိုရေကောင်းများသည် သုံးစွဲ၍မရသည့် ညစ်ညမ်းရေများဖြစ်သွားခြင်း။

(၁၁) မြို့ပြများတွင် ရေကို အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် မြေအောက်ရေအောင်းလွှာများ ဆားငန်ရေပေါက်ခြင်း၊ ယိုယွင်းပျက်စီးခြင်း။

(၁၂) ရာသီဥတုများ ဖောက်ပြန်မှုကြောင့် ပူပြင်းသောဒေသများတွင် မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားလာသဖြင့် ရေတွင်း ရေကန်များ ခန်းခြောက်လွယ်ခြင်း။

(၁၃) မိုးရေများကို စုပ်ယူ၍ ထိန်းသိမ်းပေးနိုင်စွမ်းရှိသော သစ်ပင်များ၊ ချုံနွယ်များ၊ ပေါင်းပင်မြက်ပင်များနှင့် သစ်တောမြေများ၊ ကြွယ်ဝသည့် သစ်တောကြီးများ လျော့နည်းပြုန်းတီးခြင်း။

မြန်မာနိုင်ငံတွင်လည်း ရေ၏တန်ဖိုးကို သိရှိကြပြီး ရေကို အလေးထားသူများ များပြားလာစေရန်အတွက် လာမည့် ၂၀၁၃ ခုနှစ်မှစတင်၍ **“ကမ္ဘာ့ရေနေ့”**ကို ကျင်းပခြင်းနှင့်အတူ ရေပြုန်းတီးမှုများ၊ ရေဖြုန်းတီးမှုများ လျော့နည်းစေရေး၊ မြို့ပြများတွင် မြေအောက်ရေများကို အလွန်အကျွံ ထုတ်ယူမှုများအား ကန့်သတ်ရေး၊ အမှိုက်၊ စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေများကို စနစ်တကျစွန့်ပစ်ရေး၊ ရေများကို စုပ်ယူသိုလှောင်ပေးနိုင်စွမ်းရှိသော သစ်ပင်သစ်တောများအား တည်ထောင်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ်ရေး စသည်တို့ကို စီမံချက်များ ချမှတ်လျက် အမြန်ဆုံးစတင်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း အကြံပြု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်း

ကျောင်းကုန်း ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အစုကြီးကျေးရွာအုပ်စု ဂနိမ်းလေးကျေးရွာရှိ ထွန်းတောက်ကြယ်စာကြည့်တိုက်သို့ စာအုပ် စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၉ရက် နံနက် ၉ နာရီကကျင်းပရာ စာကြည့်တိုက် တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။ အဆိုပါစာကြည့်တိုက်သည် အလျား ၁၈ ပေ× အနံ ၁၅ပေ၊ အမြင့် ၉ ပေဖြင့် ဓနိမိုးထရံကာ၊ ဝါးအဆောက်အအုံဖြစ်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇေလတ်၊ စာကြည့်တိုက်မှူး ဒေါ်ကျင်သိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုသစ္စာ-ရေးသားသည်

Avengers 2 ဇာတ်ကားနဲ့ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၁

အမေရိကန်ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်

အမေရိကန်ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်ဟာ Avengers 2 ဇာတ်ကားအတွက် သရုပ်ဆောင်ခအဖြစ် ပေါင် ၁၃ သန်းရရှိခဲ့တာမို့ ရုပ်ရှင်တစ်ကား သရုပ်ဆောင်ခ ဝင်ငွေအများဆုံးရရှိသူအဖြစ် ဇူလိုင် ၁၁ ရက်က ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဒီဇာတ်ကားဟာ အမေရိကန်နိုင်ငံတစ်ဝန်း အခုသီတင်းပတ်တစ်ပတ်အတွင်း ရုံတင်ပြသခဲ့ရာမှာ ရုံဝင်ငွေ ပေါင် ၁၂၈ သန်းအထိ ရရှိခဲ့တဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်။

အသက် ၂၇ နှစ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်ဟာ အရင်က The Tourist ဇာတ်ကားနဲ့ သရုပ်ဆောင်ခ ပေါင် ၁၂ ဒသမ ၂ သန်း ရရှိခဲ့တဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီရဲ့ ဝင်ငွေထက် ကျော်လွန်ခဲ့ခြင်းဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး စကားလက်ဟာ ဒီဇာတ်ကားရဲ့ စီးရီးအဖြစ် ၂၀၁၃ ခုနှစ်မှာ ဆက်လက်ရိုက်ကူးဖို့ လက်မှတ်ရေးထိုးမှာဖြစ်ပြီး ပရိသတ်တွေ ကြိုက်နှစ်သက်ပြီး အားပေးကြမယ့်ဇာတ်ကားအဖြစ် ကြိုးစားသရုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ ဒစ္စနေရုပ်ရှင်ကုမ္ပဏီအနေနဲ့ ရုပ်ရှင်မင်းသမီး စကားလက်နဲ့ ဇာတ်ကားတွေ ဆက်လက်ရိုက်ကူးတဲ့အခါ သရုပ်ဆောင်ကြေးကို တိုးမြှင့်ပေးသွားဖို့လည်း စီစဉ်ထားပါတယ်။

ဒစ္စနေရုပ်ရှင်ကုမ္ပဏီဟာ အသစ်ရိုက်မယ့် ဇာတ်ကားမှာ စကားလက်ကို ဇာတ်ကောင်စရိုက်အသစ်နဲ့ ရိုက်ကူးမှာဖြစ်ပြီး အခုဝင်ငွေကောင်းခဲ့တဲ့ Avengers 2 ထက် ပရိသတ်ပိုမို နှစ်သက်အားပေးတဲ့ ဇာတ်ကားဖြစ်လာအောင် စီစဉ်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဟောလိဝုဒ်ရုပ်ရှင်လောကမှာ လူကြိုက်များပြီး ဝင်ငွေကောင်းခဲ့တဲ့ ဇာတ်ကားတွေဖြစ်တဲ့ Iron Man 3၊ Thor 2 နဲ့ Captain America 2 တို့လို ဖြစ်အောင် ပြင်ဆင်ရိုက်ကူး ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး စကားလက်ဟာ Black Widow ရုပ်ရှင်ကားလို လူကြိုက်များခဲ့တဲ့ ဇာတ်ကားမျိုးတွေကို ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့သူဖြစ်တာမို့ ပရိသတ်တွေအကြိုက် သရုပ်ဆောင်ဖို့ဆိုတာ သူမအနေနဲ့ ခက်ခဲမှုရှိနိုင်မှာမဟုတ်ဘူးလို့ ဒစ္စနေကုမ္ပဏီမှ တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

မာဗယ်ကွန်မစ် ရုပ်ရှင်ကုမ္ပဏီကလည်း ရုပ်ရှင်မင်းသမီး စကားလက်နဲ့ A SEQUEL အမည်ရှိတဲ့ဇာတ်ကားသစ်ရိုက်ကူးမှာဖြစ်ပြီး အရင်ဇာတ်ကားတွေနဲ့မတူတဲ့ ဇာတ်ကောင်စရိုက်ကို ဖန်တီးကာ ဇာတ်ကားရိုက်ကူးဖို့ စီစဉ်နေပြီလို့ အဲဒီ ရုပ်ရှင်ကုမ္ပဏီရဲ့ ပိုင်ရှင်ဖြစ်တဲ့ စတန်လီက ပြောကြားနေပါတယ်။ **(အင်တာနက်)**

အင်္ဂလန်အိုလံပစ် ဘောလုံးအသင်းခေါင်းဆောင် မန်ယူတောင်ပံတိုက်စစ်မှူး ရိုင်ယံဂစ်တာဝန်ယူမည်

လန်ဒန် ဇူလိုင် ၁၁

မန်ယူတောင်ပံတိုက်စစ်မှူး ရိုင်ယံဂစ်အား လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် အင်္ဂလန်ဘောလုံးအသင်း၏အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဇူလိုင် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်၂၃ နှစ်အထက် ဘောလုံးသမားသုံးဦးအနက် အသက် ၃၈ နှစ်အရွယ် ရိုင်ယံဂစ်**(ယာပုံ)**အား ပြိုင်ပွဲဝင်ဘောလုံးသမားတစ်ဦးအဖြစ် သာမက အင်္ဂလန်ဘောလုံးအသင်းခေါင်းဆောင်အဖြစ်လည်း တာဝန်ပေးရန် အင်္ဂလန်နည်းပြက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန် အိုလံပစ်ဘောလုံးအသင်းသည် ဇူလိုင် ၂၀ ရက်၌ အင်္ဂလန်နိုင်ငံ မစ်ဒယ်ဘရော့မြို့၌ ဘရာဇီးအသင်းနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားသည်။ ယင်းပွဲတွင် ရိုင်ယံဂစ်သည် အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

“လူငယ်ဘောလုံးသမားလေးတွေအများအပြားပါဝင်တဲ့ အင်္ဂလန်အသင်းကို လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲမှာ ကျွန်တော်အကောင်းဆုံးအနေအထားနဲ့ ဦးဆောင်သွားနိုင်မယ်လို့ ယုံကြည်နေပါတယ်” ဟု ရိုင်ယံဂစ်က ပြောကြားခဲ့သည်။ ရိုင်ယံဂစ်သည် မန်ယူအသင်းအား ပရီမီယာလိဂ်ဖလား ၁၂ ကြိမ်၊ အက်ဖ်အေဖလားငါးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်သည်။

အင်္ဂလန်အိုလံပစ်ဘောလုံးအသင်းသည် ၁၉၇၁ ခုနှစ်နောက်ပိုင်း ဘရာဇီးအိုလံပစ်ဘောလုံးအသင်းနှင့် ပထမဆုံးအကြိမ် ခြေစမ်းပွဲကစားခြင်းအဖြစ် ဇူလိုင် ၂၀ ရက်၌ ကစားရန် စီစဉ်ထားသည်။

ယှဉ်ပြိုင်ကစား

အင်္ဂလန်အိုလံပစ်ဘောလုံးအသင်းသည် အုပ်စုပွဲအဖြစ် ဥရုဂွေး၊ ယူအေအီး၊ ဆီနီဂေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ပြည်သူ့လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၉)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ် တော် အစည်း အဝေး ဆဋ္ဌမ နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်၏ **ရွှေလီရေအားလျှပ်စစ် စက်ရုံ(၁) သို့မဟုတ် ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူး ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်၏ **မိုးကုတ်ဓာတ်အားခွဲရုံမှ မိုးမိတ်မြို့နယ်အတွက် လျှပ်စစ်ဓာတ်အားမျှဝေပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖြေကြားရာတွင်- **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** မဘိမ်းမြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် လက်ပံလှဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်ခြင်း၊ လက်ပံလှ-မိုးကုတ်(၆၆)ကေဗွီ ဓာတ်အားလိုင်း(၅၂)မိုင် တည်ဆောက်ခြင်း၊ လက်ရှိမိုးကုတ်(၃၃)ကေဗွီ ဓာတ်အားခွဲရုံကို (၆၆)ကေဗွီ ဓာတ်အားခွဲရုံသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို(၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ပထမအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဒုတိယအဆင့်အနေဖြင့် မိုးကုတ်မြို့မှ မိုးမိတ်မြို့သို့ (၆၆)ကေဗွီ ဓာတ်အားလိုင်း(၂၈)မိုင်နှင့် မိုးမိတ်မြို့တွင် (၆၆/၃၃)ကေဗွီ (၃)အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မိုးမိတ်မြို့တွင် (၆၆/၃၃)ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက မိုးမိတ်မြို့မှ မဘိမ်းမြို့သို့ (၃၃)ကေဗွီ ဓာတ်အားလိုင်း (၃၈)မိုင်နှင့် မဘိမ်းမြို့တွင် (၃၃/၁၁) ကေဗွီ (၂)အမ်ဗွီအေ ခွဲရုံ(၁)ရုံတို့ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယင်းတည်ဆောက်ရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်တွင် ပါဝင်နိုင်ရန်အတွက် အထက်အဆင့်သို့ တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ မိုးမိတ်မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် လက်ပံလှဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်ခြင်း၊ လက်ပံလှ-မိုးကုတ်(၆၆)ကေဗွီ ဓာတ်အားလိုင်း (၅၂)မိုင် တည်ဆောက်ခြင်း၊ မိုးကုတ် (၃၃)ကေဗွီ ဓာတ်အားခွဲရုံအား (၆၆)ကေဗွီ ဓာတ်အားခွဲရုံအဆင့်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမအဆင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မိုးကုတ်မြို့သို့ ဓာတ်အားရောက်ရှိသည့်အခါ မိုးမိတ်မြို့သို့ (၆၆)ကေဗွီ ဓာတ်အားလိုင်း(၂၈)မိုင်နှင့် မိုးမိတ်မြို့တွင်(၆၆/၃၃)ကေဗွီ (၃)အမ်ဗွီအေ ခွဲရုံ(၁)ရုံတည်ဆောက်ရမည်ဖြစ်သော်လည်း ယင်းတည်ဆောက်ရေးလုပ်ငန်းများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းလျာထားချက်တွင် ပါဝင်မှုမရှိသေးသဖြင့် နောင်ဘဏ္ဍာရေးနှစ်များ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်(ခ) ဦးနိုင်လှမောင်၏ **သဘာဝချောင်း၊ တူးမြောင်း တိမ်ကောမှုအား စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မုတ္တမပင်လယ်ကွေ့ရှိ နုန်းမြေများ သဲသောင်ခုံများမြင့်တက်မှုကို ဖယ်ရှားပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း၏ **ပျက်စီးသွားသော အဆောက်အအုံနှင့် ရေပေးမြောင်းအား အရေးပေါ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားရာတွင်-**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** တိမ်ကောနေသောချောင်းများနှင့် နုန်းတာတမံများတည်ဆောက်ပေးနိုင်ရန်အတွက် ပညာရှင်အဖွဲ့များစေလွှတ်၍ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်အစီရင်ခံမှုအပေါ်မူတည်၍ သုံးစွဲရမည့် ဘဏ္ဍာငွေနှင့်ရရှိမည့် အကျိုးများကို နှိုင်းယှဉ်ပြီး လူထုအတွက် အကျိုးအပြစ်များကို လေ့လာဖော်ထုတ်၍ စီးပွားရေးအရ တွက်ခြေကိုက်မည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ခွင့်ပြုရန်ပုံငွေရရှိပါက အကျိုးသက်ရောက်မှုရှိမည့် လုပ်ငန်းများအလိုက် ဦးစားပေး အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေကြောင်းသွားလာမှုရှိသော အဓိကမြစ်ကြီးများတွင်သာ လုပ်ငန်းလိုအပ်ချက်အရ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုလျက်ရှိသော ချောင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သက်ဆိုင်သော မုတ္တမပင်လယ်ကွေ့ရှိ နုန်းမြေများ၊ သဲသောင်ခုံများ မြင့်တက်မှုကို ဖယ်ရှားပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ကျောဇီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံနှင့် ရေပေးမြောင်းများကို နွေသီးနှံရေပေးဝေမှုမထိခိုက်စေရန် ယာယီပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်၍ ရေပေးဝေနိုင်ခဲ့ရာ သီးနှံပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်းနှင့် (၅-၇-၂၀၁၂)ရက်တွင် နွေစပါးရေပေးဝေမှုပြီးစီးခဲ့ပါကြောင်း၊ နွေသီးနှံရေပေးဝေမှုပြီးစီးသည်နှင့် တစ်ပြိုင်တည်း ပျက်စီးမှုကိုစတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ လက်တံ(၂)ဘယ်မြောင်း အရှည်ပေ (၁၅၅၀)ပြင်ဆင်ခြင်းလုပ်ငန်းခွင်သို့ ဌာနပိုင်စက်ယန္တရားများဖြင့်(၆-၇-၂၀၁၂)ရက်တွင် စတင်ပြီး ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများနှင့် မြေကြီးလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လက်တံ(၂)ဘယ်ရှိ ရေကျအဆောက်အအုံ(၃)လုံး ပြင်ဆင်ရန် ပစ္စည်းစုဆောင်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ယခုလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်မှုလုပ်ငန်းများကို မိုးသီးနှံရေပေးဝေမှုမစတင်မီ ၂၀၁၂ ခုနှစ် ဇူလိုင်လမကုန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၏ **ဟားခါးမြို့တွင် တက္ကသိုလ်ကျောင်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **တက္ကသိုလ်များတွင် အဆင့်မီသော ဘော်ဒါဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေကဖြေကြားရာတွင်-**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုဖွင့်လှစ်နိုင်ရန် မြေနေရာ၊ အဆောက်အအုံ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်းနှင့်ပရိဘောဂများ ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အကြောင်းအကျိုးညီညွတ်သည့်အချိန်၌ ချင်းပြည်နယ်တွင် တက္ကသိုလ်/ဒီဂရီကောလိပ်ဖွင့်လှစ်ပေးသွားရန် စီစဉ်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တိုးတက်လာသည့် ကျောင်းသားဦးရေအရ နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေပေါ်မူတည်၍ စာသင်ဆောင်များကိုသာ ဦးစားပေးဆောက်လုပ်နေရပါသဖြင့် ကျောင်းဆောင် Hostels များ ဆောက်လုပ်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာအရ အခက်အခဲရှိသဖြင့် တက္ကသိုလ်အသီးသီးတွင် ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဆောင် Hostels များကို သင့်တော်သည့်ကာလတွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **အခွန်ဦးစီးဌာနရုံးကို ပလက်ဝမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၏ကိုယ်စား ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းက **အခွန်တံဆိပ်ခေါင်းများကို မည်သည့်အချိန်တွင် လုံလောက်စွာ ရောင်းချပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဖြေကြားရာတွင်-**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ပလက်ဝမြို့နယ်တွင် အခွန်ထမ်းဦးရေနည်းပါးပြီး အခွန်ကောက်ခံရန် လျာထားချက်နည်းပါးခြင်း၊ ဒေသစီးပွားရေးအခြေအနေအရ ကောက်ခံရရှိမည့် အခွန်ပမာဏနည်းပါးခြင်းတို့ကြောင့် ယခင်အချိန်ကပင် မြို့နယ်အခွန်ဦးစီးမှူးရုံး မဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အခွန်စီမံခန့်ခွဲမှုစရိတ်များ ကြီးလေးခြင်းမရှိစေရန် ပလက်ဝမြို့နယ်တွင် လောလောဆယ်အနေဖြင့် ရုံးသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့်အတိုင်း ကျောက်တော်မြို့နယ်မှ ပူးတွဲကောက်ခံဆောင်ရွက်စေမည်ဖြစ်ပါကြောင်းနှင့် နောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အခွန်ထမ်းသစ်များ တိုးတက်လာသည့်အချိန်မှသာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းခွန်နှုန်းထားများကို ခေတ်ကာလနှင့် လျော်ညီသော အခွန်နှုန်းထားများဖြစ်စေရန် ပြင်ဆင်သတ်မှတ်ခဲ့မှုများကြောင့် အခိုက်အတန့်အားဖြင့် တံဆိပ်ခေါင်းလိုအပ်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ သို့သော်လည်း နှုန်းထားသစ်ဖြင့်ကိုက်ညီစွာ ဖြန့်ဖြူးနိုင်ရန်အတွက် တံဆိပ်ခေါင်းအလုံအလောက် အချိန်မီ ရိုက်နှိပ်ပေးနိုင်ရေး လိုအပ်သည့်အမှာစာများကို သက်ဆိုင်ရာရုံးနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်သဖြင့် မကြာမီ အခွန်ထမ်းပြည်သူများအတွက် လုံလောက်စွာနှင့် အဆင်ပြေစွာရောင်းချပေးသွားနိုင်မည် ဖြစ်ပါကြောင်း၊ စာပို့ခေါင်းတံဆိပ်များနှင့် ပတ်သက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တံဆိပ်ခေါင်းများကို သတ်မှတ်ဈေးနှုန်းအတိုင်း လွတ်လပ်စွာ အကန့်အသတ်မရှိ ရောင်းချပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၏ **မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းကောင်းမွန်စေရမည်၊ မည်သည့်နှစ်တွင် လျှပ်စစ်ဓာတ်အားရရှိစေရမည် စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချမှတ်ဆောင်ရွက်ရေး** အဆိုနှင့်စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေးတို့က ထောက်ခံဆွေးနွေးကြရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်ရရှိမှုအကျိုးသည် သယ်ယူပို့ဆောင်မှုကို မြန်ဆန်စေပြီး ကုန်ထုတ်လုပ်မှုကို မြင့်မားစေသည့်အတွက် စီးပွားရေးကို တိုးတက်ကောင်းမွန်စေပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဘက်ဘက်ကိုလည်း တိုးတက်စေရန်အထောက်အကူဖြစ်စေပါကြောင်း၊ ပညာတတ်ပေါ်များသော ဒေသများကို လေ့လာကြည့်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊ စီးပွားရေးကောင်းမွန်ခြင်း၊ လျှပ်စစ်မီးရရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဆိုသည့် အခြေခံကောင်းများကို တွေ့ရှိရပါကြောင်း၊ လျှပ်စစ်မီးမရသည့်ဒေသများထက် လျှပ်စစ်မီးရရှိသည့်ဒေသများက လူနေမှုအဆင့်အတန်းမြင့်မားနေသည်ကို လေ့လာတွေ့ရှိရသည့်အတွက် နိုင်ငံတော်သစ်တည်ဆောက်နေသော အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ညီညီမျှမျှဖွံ့ဖြိုးတိုးတက်စေရန် အခြားသော ကဏ္ဍများထက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား အလုံအလောက် ဖြန့်ဖြူးနိုင်ရေးကို ဦးစားပေးမူဝါဒရေးဆွဲချမှတ်ပြီး ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နှစ်ရှည်စီမံကိန်းရည်မှန်းချက်များအရ ခရိုင်ချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို ဆက်သွယ်သွားလာနိုင်သော လမ်းအဆင့်မှ အဆင့်ဆင့်မြှင့်တင်ဆောင်ရွက်သွားရန် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ခရိုင်(၆၉)ခရိုင်ကို ခရိုင်ချင်းဆက်လမ်းများ၊ မြို့နယ်ပေါင်း (၃၃၀)နှင့် မြို့နယ်ခွဲ(၈၃)ခုတို့ကို ကွန်ရက်သဖွယ် ကူးလူးဆက်သွယ်သော လမ်းတံတားများ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း နှစ်စဉ်တိုးချဲ့ထုတ်လုပ်လာနိုင်သော လျှပ်စစ်ဓာတ်အားများပေါ်မူတည်၍ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားပို့လွှတ်သည့် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲစက်ရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားခွဲရုံများကို နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများကို နှစ်တို/နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံသူများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ ညနေပိုင်းတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **မကြာခင်ကဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံတချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်းများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညိုလေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များပါဝင်သည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့်ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော **၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

ကျန်ရှိသည့် ပြင်ဆင်ချက်အဆိုများအား တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇူလိုင် ၁၁

ဇူလိုင် ၁၀ ရက် နံနက် ၂ နာရီ ၄၅ မိနစ် ၃၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၂၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြစ်ကြီးနားမြို့၏ အနောက်ဘက် မိုင် ၆၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၇-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	နံနက်ခင်းသတင်း
၇း၅၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	အတီးပြိုင်ပွဲ
၈း၂၀	**တက္ကစီမီတာသင်လိုရာ**
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၂၀	ချစ်စရာ့အရွယ်ကကြိုးသွယ်
၆း၀၀	ညနေခင်းသတင်း
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၂၀)
-	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၇၂)

မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဆိုင်းဘုတ် စိုက်ထူ

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှေ့၌ ဇူလိုင် ၁၁ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် သန္တေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ကို တပ်ရင်းအဆင့်လေ့ကျင့်ဖွဲ့စည်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဦးတည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မောင်ဖိုးဇော်)**

အမျိုးသားလွှတ်တော်အစည်းအဝေး ဆဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး ဆဌမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၃)ဦးတို့ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ဆဌမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အခြေအနေ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် ခန့်မှန်းခြေစာရင်းရေးဆွဲရာတွင် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ဘဏ္ဍာငွေကျပ်သန်း (၉၉၉၇ ဒသမ ၂၇၁) လျာထားရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်ဇယားနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ယန္တရားများ၊ စက်မှုနှင့်လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများကို နှစ်ဖက်ညှိနှိုင်းသတ်မှတ်ထားသည့် Delivery Schedule နှင့်အညီ ဆက်လက်တင်သွင်းရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းအား နှစ်အလိုက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အရလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **လျှပ်စစ်စွမ်းအင် လုံလောက်စွာ ဖြန့်ဖြူးမှုအတွက် စီမံချက်ရေးဆွဲထားမှု ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရေတိုကာလအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရေတိုကာလအတွင်းပြီးစီးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများအပြင် ထပ်မံလိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏကို အချိန်တိုအတွင်းဖြည့်ဆည်းပေးနိုင်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များအား တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်ကာလအတွက် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများအပြင် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော နေစွမ်းအင်နှင့်လေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကိုပါ ထည့်သွင်းဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘူမိအပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် နည်းပညာလိုအပ်ပြီး အရင်းအနှီးများသော လုပ်ငန်းဖြစ်သဖြင့် လက်ရှိလာရောက် ဆွေးနွေးညှိနှိုင်းသော အဖွဲ့အစည်းများ မရှိသေးပါကြောင်းနှင့် ယင်းနည်းပညာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ပြီး ဖြစ်မြောက်နိုင်စွမ်းအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **ပြည်ထောင်စုရာထူးဝန်အဖွဲ့အတွက် စာမေးပွဲဖြေဆိုမည့်နေရာကို နေပြည်တော်အပြင် အထက်မြန်မာနိုင်ငံနှင့်အောက်မြန်မာနိုင်ငံတို့အတွက် သင့်တော်သည့် တစ်နေရာစီ စသည်ဖြင့် (၃)နေရာခွဲပြီး သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုရမည့်နေရာကို (၃)နေရာခွဲပြီး သတ်မှတ်ပေးခြင်းမပြုဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုတို့၏ မြို့တော်များနှင့် နေပြည်တော်တို့တွင် စုစုပေါင်း စာစစ်ဌာန(၁၅)နေရာ ဖွင့်လှစ်စစ်ဆေးပေးရန် စီစဉ်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ လမ်းညွှန်ခွင့်ပြုချက်ရယူလျက် ယခု ၂၀၁၂-၂၀၁၃ လေ့ကျင့်ရေးနှစ်အတွင်း အကောင်အထည်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ ဦးနိုင်ထွန်းအုံ၏ **သံဖြူဇရပ်မြို့ ယခင်အမှတ် (၃၁) ခြေလျင်တပ်ရင်းတည်ရာမြေကို မြို့ ရပ်ကွက်တည်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အမှတ်(၃၁) ခြေလျင်တပ်ရင်းသည် ရေးမြို့နယ် ခေါဇာမြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သဖြင့် စုစုပေါင်း မြေ (၂၁၇ ဒသမ ၁၃)ဧကအား အမှတ်(၄)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပါကြောင်း၊ လစ်လပ်နေသော တပ်ပိုင်မြေနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိစေရန်အတွက် အဆိုပါ လေ့ကျင့်ရေးကျောင်းမှ အမှတ်(၆၂) ခြေလျင်တပ်ရင်းသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းလေ့ကျင့်ရေးကျောင်း၌ သင်တန်းများဖွင့်လှစ်စဉ် နေရာ၊ အဆောက်အအုံ မလုံလောက်မှုကြောင့် အမှတ်(၃၁)ခြေလျင်တပ်ရင်း (နေရာဟောင်း)တွင် သင်တန်းများဖွင့်လှစ် အသုံးပြုလျက် ရှိပါသဖြင့် မြို့ ရပ်ကွက်တည်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ဂန့်ဂေါမြို့နယ် လာပို့ရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကြက်ရိုးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတို့အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်းပိုမိုရရှိရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းအသစ်ဖွင့်ခြင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ (၄)နှစ်တာကာလအတွင်း စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂန့်ဂေါမြို့နယ် လာပို့ရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့် ကျောင်းသား (၂၂၂)ဦးနှင့် ကြက်ရိုးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့် ကျောင်းသား (၈၄)ဦးသာရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လာမည့်ပညာသင်နှစ်တွင် ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **ဖွံ့ဖြိုးမှုနည်းသော တိုင်းရင်းသားများအတွက် တိုးတက်ဖွံ့ဖြိုးရေး စီမံချက်ချ၍ စတင်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့၏ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ထူးချွန်ဆုများ ချီးမြှင့်စဉ်။ (၁၂၂)

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုး

ပုသိမ် ဇူလိုင် ၁၁

ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်ကိုယ်စား လူမှုရေးဝန်ကြီး ဦးစန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဦးစန်းမောင်နှင့် တိုင်းဒေသကြီးပညာရေးမှူး (စီမံ) ဦးရဲမြင့်၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရတနာတန်းဝင်ကျွန်း၊ စိန်ပန်း၊ ပိတောက်၊ ပျဉ်းမ၊ ငုဝါ၊ ကံ့ကော်အစရှိသော အရိပ်ရပန်းပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၇၇)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဘုတ်ပြင်း၌ကျင်းပ

ဘုတ်ပြင်း ဇူလိုင် ၁၁

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှသန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် မြို့နယ်တရားသူကြီး ဦးတင့်လွင်က မူးယစ်ဥပဒေနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ အထက ဘုတ်ပြင်းကျောင်းအုပ်ဆရာကြီး ဦးမြင့်ရွှေက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆောင်ရန်ရှောင်ရန်သိကောင်းစရာများကို ဟောပြောကြသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ဆုရရှိသူ ၁၀ ဦးကို ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

အခွန်ဆိုင်ရာသိကောင်းစရာများ ရေကြည်၌ဟောပြော

ပုသိမ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အထက ရေကြည်၌ အခွန်ဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက အထက ရေကြည်တေဇာသီရိခန်းမ၌ကျင်းပရာ အဆိုပါ အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းလှက အခွန်ဆိုင်ရာသိကောင်းစရာများ ပညာပေးဟောပြောပြီး အထက ရေကြည်အတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

မင်းဇော်ဦး-ရေကြည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၁

မိုးပွင့်အဆင့်(၃) စီမံချက်အရ ဇူလိုင် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသား အရည်အချင်းပြည့်မီသော ကျောင်းသား ကျောင်းသူ ၂၉၀ ဦးအား မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကွင်းဆင်းဆောင်ရွက် ထုတ်ပေးခဲ့သည်။

ထို့နောက် မိုးပွင့်အဆင့်(၃)နှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးမြင့်က ရှင်းလင်းပြောကြား၍ လိုအပ်သော ကုန်ကျစရိတ်များအတွက် အလှူရှင်များက ဖြည့်ဆည်းလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အချင်းတိုင်နှစ်ခုဖြင့်သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွား

ပြင်ဦးလွင် ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ချမ်းသာသုခအထူးကုဆေးရုံတွင် ဇူလိုင် ၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒါလီအောင်၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်အေးကြီး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ မျိုးထက်အောင်နှင့်အဖွဲ့က သုံးမြွှာပူးရင်သွေးငယ်များအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ သုံးမြွှာပူးယောကျ်ားလေးကလေးငယ်များမှာ ပြင်ဦးလွင်မြို့ ရကက (၂) လာဘာလမ်းနေ အဖ ဦးသိန်းထွန်း အမိ ဒေါ်ခင်ဝိုင်းကြည်တို့၏ တတိယအကြိမ်မြောက်သားရတနာများဖြစ်ကြကာ ပထမကလေးငယ်မှာ နံနက် ၇ နာရီ ၁၆ မိနစ်တွင် မွေးဖွားပြီး ကိုယ်အလေးချိန် ၅ ပေါင် ၈အောင်စ၊ ဒုတိယကလေးငယ်မှာ နံနက် ၇ နာရီ ၁၈ မိနစ်တွင်မွေးဖွားပြီး ကိုယ်အလေးချိန် ၆ ပေါင် ၃ အောင်စနှင့် တတိယကလေးငယ်မှာ နံနက် ၇ နာရီ ၁၉ မိနစ်တွင်မွေးဖွားပြီး ကိုယ်အလေးချိန် ၅ ပေါင် ၄ အောင်စ အသီးသီးဖြစ်ကြသည်။ ကလေးများ၏ ထူးခြားချက်မှာ မွေးရာပါ မည်သည့်ရောဂါမျှ ပါရှိလာခြင်း မရှိဘဲ ဒုတိယကလေးနှင့် တတိယကလေးငယ်မှာ အချင်းတိုင်တစ်ခုတည်းဖြင့် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ကလေးငယ်များမှာ ကျန်းမာရေး အထူးကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ (၁၄၇)

❖ *ကျောဖုံးမှ*

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁၁ ရက်ရောက်တိုင်း လူဦးရေဆိုင်ရာပြဿနာများနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်နွှယ်နေမှုကို ပိုမိုသဘောပေါက်လာစေရန် နှစ်စဉ်ကျင်းပလေ့ရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့်လည်း အလားတူ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုရင် (၂၃)ကြိမ်ရှိခဲ့ပြီ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကနေပြီး ယခုနှစ်၏ ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ကို "Universal Access to Reproductive Health Services" မြန်မာလို "မျိုးဆက်ပွားကျန်းမာရေး၊ လူတိုင်းရအောင်ဆောင်ရွက်ပေး" ဖြစ်ပါကြောင်း။

တိုက်တွန်းနှိုးဆော်

လွန်ခဲ့သည့်နှစ်ပေါင်း(၄၀)လောက်ကတည်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကနေပြီး အိမ်ထောင်သည်တိုင်းသည် ၎င်းတို့၏မိသားစုဝင်အရေအတွက်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ထို့အတူပင် ၁၉၉၄ ခုနှစ်က ကိုင်ရိုမြို့တွင် ကျင်းပခဲ့သည့် (International Conference on Population and Development) "အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ" မှ မိမိနိုင်ငံသားများ၏ မျိုးဆက်ပွားကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့်လာမည့် ၂၀၁၅ ခုနှစ်တွင် အန္တရာယ်ကင်းပြီး စိတ်ချရသည့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုနည်းမျိုးစုံကို လူတိုင်းလက်လှမ်းမီနိုင်စေရန် နိုင်ငံအားလုံးကို တိုက်တွန်းနှိုးဆော်ခဲ့ပါကြောင်း။

ထို့အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ရာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်ရေးဆိုသည့်ကဏ္ဍတစ်ခုလည်း ပါဝင်လာခဲ့ပါကြောင်း၊ လူတိုင်းစိတ်ရောကိုယ်ပါကျန်းမာမှုကို အမြင့်ဆုံးခံစားပိုင်ခွင့်၊ အိမ်ထောင်သည်တိုင်းမှ ကလေးမည်မျှယူမည်၊ အချိန်ကာလမည်မျှခြားပြီးမှယူမည် စသည်တို့ကို လွတ်လွတ်လပ်လပ်စဉ်းစားဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားပါကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေသည် ၇ ဘီလီယံကျော်လာပြီဖြစ်သည့်အတွက် မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းရရှိနိုင်ရန် အနည်းငယ်ခက်ခဲလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ မျိုးဆက်ပွားကျန်းမာရေး၏ အရေးပါပုံနှင့် အရေးတကြီးဆောင်ရွက်ရန် လိုအပ်လာပုံကို ကမ္ဘာသူကမ္ဘာသားများ အာရုံစူးစိုက်မိလာစေရန်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်၊ ဝန်ဆောင်မှုနှင့် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးသူများကိုလည်း အသိအမှတ်ပြုလာကြစေရန်ရည်ရွယ်ပြီး ယင်း

ဆောင်ပုဒ်ကို သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် "မျိုးဆက်ပွားကျန်းမာရေးပြဿနာ" များသည် ကလေးမွေးဖွားနိုင်သည့်အရွယ် အမျိုးသမီးများ မကျန်းမမာဖြစ်ခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ကိုဖြစ်စေသော "အဓိကအကြောင်းအရင်း" အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများတွင် မရည်ရွယ်ဘဲ ကိုယ်ဝန်ရှိခြင်း၊ ကလေးမွေးဖွားစဉ် သေဆုံးခြင်း၊ မသန်မစွမ်းဖြစ်ရခြင်း၊ HIVအပါအဝင် လိင်မှတစ်ဆင့်ကူးစက်တတ်သည့် ရောဂါများကြောင့် ဆင်းရဲဒုက္ခမျိုးစုံခံစားနေရမှုများ လွန်စွာများပြားနေပါကြောင်း။

ကမ္ဘာနှင့်အဝန်း တွေ့ကြုံနေကြရသည့်ဖြစ်ရပ်များကို ပြန်ကြည့်ကြမည်ဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီး ၂၁၅ သန်းခန့်သည် ကိုယ်ဝန်မဆောင်ချင်ကြသော်လည်း ထိရောက်သော သန္ဓေတားနည်းများကို သုံးစွဲနိုင်ကြခြင်းမရှိသည့်အတွက် ထောင်ပေါင်းများစွာသော အမျိုးသမီးများ မရည်ရွယ်ဘဲ ကိုယ်ဝန်ရမှုများ၊ ကျန်းမာရေးချို့တဲ့မှုများဖြင့် သေဆုံးမှုများကို တွေ့ကြုံကြရပါကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း မျိုးဆက်ပွားနိုင်သည့် ၁ ဒသမ ၈ ဘီလီယံ လူငယ်လူရွယ်များသည် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများရရှိနိုင်ကြရန် အရေးတကြီးလိုအပ်နေပါကြောင်း။

ကမ္ဘာတစ်ဝန်း ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်စပ်သောအကြောင်းရင်းများကြောင့် နှစ်စဉ် အမျိုးသမီးပေါင်း ၃၅၈၀၀၀ ခန့် အသက်ဆုံးရှုံးနေကြပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အန္တရာယ်မကင်းသည့် ကိုယ်ဝန်ဖျက်ချမှုများသည် နှစ်စဉ် ၁၉ သန်းခန့် ဖြစ်ပွားလျက်ရှိနေပါကြောင်း၊ အန္တရာယ်မကင်းတဲ့ ကိုယ်ဝန်ဖျက်ချမှုများကြောင့် နှစ်စဉ် အမျိုးသမီး ၄၇၀၀၀ ခန့်သည် အသက်ဆုံးရှုံးနေကြရသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံလူဦးရေသန်း ၆၀ ခန့်ရှိသည့်အနက် သားသမီးမွေးဖွားနိုင်သည့် အမျိုးသမီးဦးရေမှာ ၁၆ သန်းခန့်ရှိပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏အခွင့်အရေးများ၊ အမျိုးသားကျန်းမာရေး မူဝါဒများနှင့်အညီ နိုင်ငံသားတိုင်းကျန်းမာရေးဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုများကို ရယူပိုင်ခွင့်ရှိကြောင်းပါရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံတွင် မိသားစုတစ်စု ကလေးဘယ်နှယောက်ယူရမည်ဆိုသည့်သတ်မှတ်ချက်မျိုးလည်း ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ လူတစ်ဦးချင်း၏ လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်မှုအပေါ်တွင်ပင် မူတည်ပါကြောင်း၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဗဟုသုတရှိသူများ၊ မြို့သူမြို့သားများက ကလေးတစ်ယောက် နှစ်ယောက်ပဲ ယူကြသည်ကို တွေ့ရမည်ဖြစ်ပြီး ကျေးလက်ပြည်သူများအနေဖြင့် သားသမီးများကို ရတနာလို့သဘောထားပြီး ရသလောက်ယူနေကြသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံရှေ့လုပ်ငန်းစဉ်ပါ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် စပ်လျဉ်း၍ မွေးကင်းစကလေး၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုတို့ကို လျှော့ချနိုင်ရန် အထူးအလေးပေးသည့် ဘက်စုံမျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထောင်စုနှစ်ရည်မှန်းချက်များတွင် ပါဝင်သည့် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆက်နွှယ်နေသော ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြီးမြောက်အောင်မြင်စေရန် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက လက်တွေ့အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပြီး ပြည်သူလူထုအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

ရရှိသည့် စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ ၁၉၉၀ ခုနှစ် မိခင်သေဆုံးနှုန်းသည် အရှင်မွေးကလေး တစ်သိန်းတွင် ၅၂၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၂၀၀ ခန့်သို့ လျော့ကျသွားကြောင်း တွေ့ရှိရပါကြောင်း၊ သို့သော်လည်းပဲ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် ဆက်နွှယ်သည့်ပြဿနာများကြောင့် နှစ်စဉ်မိခင် ၂၀၀၀ ခန့် အသက်ဆုံးရှုံးနေကြရဆဲ ဖြစ်ပါကြောင်း။

ထို့ကြောင့် မိခင်နှင့် မွေးကင်းစကလေးငယ်သေဆုံးခြင်း၊ နာမကျန်းဖြစ်ခြင်းများကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာပေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြရန်လိုနေပြီဖြစ်ပါကြောင်း၊ ယင်းဆိုးကျိုးများကို သတိပြုမိလာသည်နှင့်အမျှ အရည်အသွေးပြည့်မီသော မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုသည် လူတိုင်းရရှိရန် လိုအပ်သည်ဆိုသည်ကိုလည်း ပိုမိုနားလည်သဘောပေါက်လာကြမည် ဖြစ်ပါကြောင်း။

ပိုမိုလိုအပ်

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့သည့် မွေးဖွားမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်းများအရ မြန်မာနိုင်ငံတွင် အိမ်ထောင်မပြုသူအချို့ ပိုမိုများပြားလာသကဲ့သို့ အိမ်ထောင်ပြုသည့် အသက်သည်လည်း တဖြည်းဖြည်းမြင့်မားလာသည်ကို တွေ့ရပါကြောင်း၊ အိမ်ထောင်မပြုကြတော့သည့် လူငယ်လူရွယ်များနှင့် မျိုးဆက်ပွားနိုင်သည့် အရွယ်ရှိသူအများစုသည် အန္တရာယ်မကင်းသော အမူအကျင့်များ ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် မရည်ရွယ်၊ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ခြင်း၊ လုံခြုံစိတ်ချမှုမရှိသည့် ကိုယ်ဝန်ဖျက်ချခြင်းကြောင့် မသေသင့်ဘဲ သေဆုံးရခြင်း၊ နာတာရှည်မသန်မစွမ်းဖြစ်ခြင်းတို့ မဖြစ်အောင် ကြိုတင်ကာကွယ်ရန် ပိုမိုလိုအပ်လာပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် လူငယ်ထုအတွင်း သက်တူရွယ်တူ အဆင့်တူသူအချင်းချင်း သတင်းအချက်အလက် ဖြန့်ဖြူးပေးခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်းများကို အထူးအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် မျိုးဆက်ပွား ကျန်းမာရေးပညာပေးမှုကို တွဲဖက်သင်ရိုးဝင်ဘာသာအဖြစ် ထည့်သွင်းထားပြီးဖြစ်သကဲ့သို့ ကျောင်းပြင်ပလူငယ်များအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း မျိုးဆက်ပွားကျန်းမာရေးနှင့် ဘဝတွက်တာကျွမ်းကျင်စရာများကို ပညာပေးရှင်းလင်းဖြန့်ဖြူးပေးနိုင်ရန် လိုအပ်လှပါကြောင်း။

နှစ်သိမ့်ဆွေးနွေး

မြန်မာနိုင်ငံ၏ NGO အဖွဲ့အစည်းဖြစ်ကြသည့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများကလည်း အရည်အသွေးပြည့်မီသည့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးလုပ်ငန်းများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့်ပတ်သက်ပြီး နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း လုပ်ငန်းနှင့် ဝန်ဆောင်မှုပေးခြင်းများအား တက်ကြွစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

အိမ်ထောင်သည်များမှ ယူကြမည့်ကလေးအရေအတွက်နှင့် အချိန်ကာလမည်မျှခြားပြီးမှ ထပ်ယူမည်ဆိုသည့် ဆုံးဖြတ်ချက်သည် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် နာမကျန်းဖြစ်မှုလျှော့ချရာတွင် အရေးပါသည့်အချက်ဖြစ်သည်ကို ကောင်းစွာသိရှိလက်ခံထားပြီးဖြစ်ပါကြောင်း၊ ယင်းသည် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့်လူတိုင်း မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုရရှိစေရေးကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဆိုခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်ကို လူတိုင်းစံစားခံစားရရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNFPA, WHO, UNDP, UNICEF, WFP၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း စသော ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာမှအရေးပါသည့်အတွက် ယင်းအဖွဲ့အစည်းအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ထို့အတူပင် ဆင်းရဲနွမ်းပါးသူများ၊ နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများနှင့် မသန်မစွမ်းသူများအား မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ရှေ့တန်းမှမားမားမတ်မတ် ဆောင်ရွက်ပေးနေကြရသည့် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ သားဆက်ခြားရေး ဆောင်ရွက်ပေးနေကြသူများအားလုံးကိုလည်း နိုင်ငံတော်က အထူးမှတ်တမ်းတင်ဂုဏ်ပြုနေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားခြင်းဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး Mr. Ashok Nigam က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Ban Ki-Moon ၏ ၂၀၁၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Mohamed Abdel Ahad က ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ထူးချွန်သားဖွားဆရာမ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Mohamed Abdel Ahad က ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်ဓာတ်ပုံပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်...
ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမ...
ကိုယ်စားလှယ်အဖွဲ့အား လ...

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် နယ်စပ်ဒေသများတွင် ရောက်ရှိနေထိုင်ကြသူများအား စနစ်တကျ နေရာပြန်လည် ချထားရေးတို့တွင် UNHCR မှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမော... ရထားပို့ဆောင်ရေး... ပြည်ထောင်စုဝန်ကြ... အလုပ်သမားဝန်ကြ... ဝန်ထမ်း၊ ကယ်ဆ... နေရာချထားရေး ... ပြည်ထောင်စုဝန်ကြ... နယ်စပ်ရေးရာဝန်ကြ...

မစ္စတာ ချပ်ဝူဒီ နီဝင်တန် အိုကာဖော အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ၏ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ချပ်ဝူဒီ နီဝင်တန် အိုကာဖော အားခန့်အပ်ရန် နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ချပ်ဝူဒီ နီဝင်တန် အိုကာဖောသည် ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မွေးဖွားခဲ့ပြီး နိုင်ဂျီးရီးယားတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ ပဋ္ဌပက္ခ စီမံခန့်ခွဲရေးဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

မစ္စတာ ချပ်ဝူဒီ နီဝင်တန် အိုကာဖောသည် ၁၉၈၁ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံရှိ နိုင်ဂျီးရီးယားသံရုံးတွင် သံရုံးအကြီးအကဲအဖြစ်လည်းကောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ နိုင်ဂျီးရီးယားသံရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် နိုင်ဂျီးရီးယားအစိုးရအဖွဲ့ အတွင်းရေးမှူးရုံး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ချပ်ဝူဒီ နီဝင်တန် အိုကာဖောသည် ဗန်ကောက်မြို့တွင်ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမှတ်မထင်သတင်းမြင်ကွင်း

ဒီလိုဆိုလွန်တာပေါ့

ယာဉ်စည်းကမ်းဟူသည် လိုက်နာနိုင်ပါက ယာဉ်အန္တရာယ် ကင်းဝေးနိုင်ပါသည်။ သို့သော် ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်တစ်စီးက မျဉ်းသေပေါ်မှ စည်းကမ်းမဲ့စွာ ဤသို့ ဖြတ်ကွေ့သွားသည့် အမှတ်မထင်မြင်ကွင်းက ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေသယောင်. . .။ **ကိုကြီးတင်**

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် သိမ်ကြီးဈေး (အေရုံ၊ ဘီရုံ) ဈေးသူ ဈေးသားများက ငွေကျပ်နှစ်ဆယ့်ငါးသိန်း တစ်သောင်း ခြောက်ထောင့်တစ်ရာနှင့် ငွေကျပ်သုံးဆယ်သိန်းငါးသောင်းခုနစ်ရာ့ရှစ်ဆယ့်ရှစ်တန်ဖိုးရှိ အဝတ်အထည်နှင့် ဆေးဝါး ၁၃ ထုပ်၊ ဦးသန်းထွဋ်ဝင်း-ဒေါ်မေရီစိန်မိသားစုက ငွေကျပ်ငါးသိန်း၊ ဒေါ်တင်ရီနှင့် သမီး မလှဲ့ယဉ်မြင့်၊ မဟေမာမြင့် မိသားစုက ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်တစ်ပုံး၊ ဦးညွန့်မောင်က ငွေကျပ်တစ်သောင်း၊ ဦးစိန်ဝင်း-ဒေါ်တင့်တင့်ဝေမိသားစုက ငွေကျပ်တစ်သိန်း၊ ပန်းသဇင် သက်န်းပရိက္ခရာတိုက်မှ ဦးသန်းထွန်းအောင်- ဒေါ်တင်တင်နု၊ သမီး မဖြိုးအိခိုင်မိသားစုက ငွေကျပ်တစ်သိန်းနှင့် ငွေကျပ်တစ်သိန်းတစ်သောင်းတန်ဖိုးရှိ သင်္ကန်း ၁၀ စုံ၊ ဖိနပ် ၁၀ ရန်၊ ထီး ၁၀ လက်၊ ဒေါ်ခင်ခင်မိသားစုကငွေကျပ်တစ်သိန်း၊ ဦးကျော်သက်ဦး-ဒေါ်ခင်စန်းအေး၊ သား မောင်သချ်ော၊ သမီး မစုမီ မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် သုံးထုပ်၊ ဦးသန်းဦး၊ ဦးမင်းဆွေ၊ ဦးသိန်းနိုင်ဦးတို့က ငွေကျပ်တစ်သိန်း ငါးသောင်း၊ ဗိုလ်ကြီးထင်လင်း-ဒေါ်ဝါဝါဝင်း မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်စောမာလာကအဝတ်အထည်တစ်ထုပ်တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၄၅၇၀၆၉၁၆ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရွှေဈေးအနည်းငယ်ကျ

ရက်စွဲ	မြန်မာရွှေဈေး(အခေါက်) တစ်ကျပ်သားနှုန်း(ကျပ်)	ကမ္ဘာ့ရွှေဈေး တစ်အောင်စနှုန်း(ဒေါ်လာ)
၉-၇-၂၀၁၂	၇၃၀၃၀၀	၁၅၈၅
၁၀-၇-၂၀၁၂	၇၃၁၄၀၀	၁၅၉၄
၁၁-၇-၂၀၁၂	၇၂၉၅၀၀	၁၅၇၈

ရွှေဘုံသား

ရွှေပြည်သာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြို...

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၇) ရပ်ကွက်တွင် သွေးလွန်တုပ်ကွေး... လျှော့နည်းကျဆင်... နှိမ်နင်းရေးလုပ်ငန်း...

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
...မဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

...ဇူလိုင် ၁၁
...သမ္မတ မြန်မာ ...သမ္မတ ဒေါက်တာ ...၌ ကုလသမဂ္ဂဒုက္ခ ...မဟာမင်းကြီး Mr. ...es ဦးဆောင်သော ...အား ယနေ့ညနေ ...ာ်တော်ရှိ နိုင်ငံတော် ... သံတမန်ဆောင် ...တွေ့ဆုံသည်။

...းဖလှယ်

...တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် နယ်စပ်ဒေသများတွင် ရောက်ရှိနေထိုင်ကြသူများအား စနစ်တကျ နေရာပြန်လည် ချထားရေးတို့တွင် UNHCR မှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jonannes G.ten Feld တက်ရောက်သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး စစ်ကိုင်းမြို့၌ တက္ကသိုလ်တည်ဆောက်မည့် မြေနေရာ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ
ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးသည် ဇူလိုင် ၉ ရက်တွင် စစ်ကိုင်းမြို့၌ တက္ကသိုလ်တည်ဆောက်မည့် မြေနေရာ၊ စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆွမ်းချက်ကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၀ ရက်တွင် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့်အမျိုးသားဘော်လီဘောပြိုင်ပွဲ(မန္တလေးဇုန်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...ချုပ်ဝူဒီ နိုဝင်တန် အိုကာဖော အား ...နိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ၏ ...သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၂

...စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယား ဖက်ဒရယ် ...ထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ... နိုဝင်တန် အိုကာဖော အားခန့်အပ်ရန် နိုင်ဂျီးရီးယား ...နိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာ ...က သဘောတူပြီးဖြစ်သည်။

...ဝူဒီ နိုဝင်တန် အိုကာဖောသည် ၁၉၅၆ ခုနှစ် ဇန်နဝါရီ ...ဖွားခဲ့ပြီး နိုင်ဂျီးရီးယားတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ် ...ည်းကောင်း၊ အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ ပဋိ ...ဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

...ဝူဒီ နိုဝင်တန် အိုကာဖောသည် ၁၉၈၁ ခုနှစ်တွင် နိုင်ဂျီး ...ခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ...တာကိုနိုင်ငံရှိ နိုင်ဂျီးရီးယားသံရုံးတွင် သံရုံးအကြီးအကဲအဖြစ် ...လေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ နိုင်ဂျီးရီးယားသံရုံးတွင် ...ည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် နိုင်ဂျီး ...ဖွဲ့ အတွင်းရေးမှူးရုံး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင် ...

...ဝူဒီ နိုဝင်တန် အိုကာဖောသည် ဗန်ကောက်မြို့တွင်ရုံးစိုက်ပြီး ...တ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတ ...ာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲ ...င်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

...ခံပြည်သူများအတွက် ...ကုန်ပစ္စည်းများ လှူဒါန်း

...ဖြင့်၊ မဟေမာမြင့် ...ျပ်ငါးသောင်းနှင့် ...ုံး၊ ဦးညွှန့်မောင်က ...၊ ဦးစိန်ဝင်း- ...ားစုက ငွေကျပ် ...် သက်န်းပရိက္ခရာ ...းအောင်- ဒေါ်တင် ...ုးအိခိုင်မိသားစုက ...် ငွေကျပ်တစ်သိန်း ...ရှိ သင်္ကန်း ၁၀ စုံ၊ ...၀ လက်၊ ဒေါ်ခင် ...်တစ်သိန်း၊ ဦးကျော် ...းအေး၊ သား မောင် ...မိသားစုက ငွေကျပ် ...်အထည် သုံးထုပ်၊ ...ဆွေ၊ ဦးသိန်းနိုင်ဦး ...စ်သိန်း ငါးသောင်း၊ ...ဒေါ်ဝါဝါဝင်း မိသားစု ...င်း၊ ဒေါ်စောမာလာ

ကအဝတ်အထည်တစ်ထုပ်တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၄၅၇၀၆၉၁၆ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...ကျ

...ျုး ...စနှုန်း(ဒေါ်လာ)
...၅၈၅
...၅၉၄
...၅၇၈

ရွှေဘုံသား

MRTV-4

၁၂-၇-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၄၀ **မြင်နိုင်မှာန်** တရားတော် (ဆရာတော် ဘဒ္ဒန္တ ကေသဝ)
- ၉:၂၅ Fortune ရဲ့ ကျေးဇူးတုံ့ပြန်ခြင်းနှင့် ပစ္စည်းသစ်မိတ်ဆက်ပွဲ
- ၁၂:၀၀ AFC U-22 Asian Cup 2013 Qualifiers (Korea Republic Vs Myanmar)
- ၅:၂၀ Golden Minute
- ၆:၀၀ MRTV -4 သတင်း
- ၇:၃၀ အနုပညာမိုးကောင်းကင်
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Unicef ၏ အထူးသံတမန် ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်း၏ ကလေးသူငယ် လူကုန်ကူးမှု ကာကွယ်တားဆီး တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများ အတွေ့အကြုံရှင်းလင်းပွဲ
- ၁၁:၄၅ ကျောက်ကပ်နှင့် ကျောက်ကပ်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး)
- ၁:၄၀ **တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ** (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
- ၂:၄၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
- ၃:၁၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၄:၁၀ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
- ၄:၃၅ မြန်မာ့လက်မှု ယွန်းအနုပညာ

ရွှေပြည်သာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၇) ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ပိုးလောက်လမ်းရှာဖွေနှိမ်နင်းရေးလုပ်ငန်းကို ဇူလိုင် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ခေါင်းဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့် အမှုဆောင်များ၊ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြစိုးနှင့် လူမှုရေးအသင်းအဖွဲ့တို့သည် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်နှင့် အနီးပတ်ဝန်းကျင်တို့၌ သောက်ရေသုံးရေအိုးများ၊ ဘုရားပန်းအိုးများအတွင်းရှိ ရေတို့အား ပိုးလောက်လမ်း ရှိ မရှိ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ပေးခြင်းနှင့် ခြင်ဆေးမှုတ်ပေးခြင်းများကို စုပေါင်းကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) (၁၆၆)

ဇူလိုင် ၄ ရက်က တောင်ငူမြို့နေ ဒေါ်ရှုအင်းသားသမီးတစ်စု (ဂန္ထဝင်မော်တော်ယာဉ် ပို့ဆောင်ရေးလုပ်ငန်း)မှ သမိုင်းဝင်ရွှေဆံတော်စေတီတော်ကြီးရှိ မဟာဂန္ဓဝင်သိမ်တော်ကြီးဆောက်လုပ်ရန် တတိယအကြိမ် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃၅/၂၀၁၂)

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

ကချင်ပြည်နယ်

(၁) ကြည်း ၃၁၁၈၆ ဗိုလ်မှူးကျော်စွာမြင့်	(အစား)	ကြည်း ၂၈၇၁၄ ဗိုလ်မှူးအောင်ဇင်

ရန်ကုန်တိုင်းဒေသကြီး

(၂) ကြည်း ၃၈၅၈၀ ဗိုလ်ကြီးလင်းလင်းကျော်	(အစား)	ကြည်း ၁၃၉၃၂ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးဆက်လက်လျော့နည်းမည်

နေပြည်တော် ဇူလိုင် ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၃ ဒသမ ၈၉ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မြင်းခြံမြို့တွင် ၁ ဒသမ ၀၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တောင်ပိုင်းခရိုင်၌ သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက သန်လျင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများအား ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာတွင် အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ယင်းနောက် သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ အမှတ် (၃) အခြေခံ ပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူရနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်လင်းသန်း၊ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အရိပ်ရပင်နှင့် ပန်းအလှပျိုးပင်ပေါင်း ၅၅၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရ သည်။ (၀၄၉)

ဇူလိုင် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် စာရေး ဆရာကြီး မင်းသုဝဏ်၏ ကြေးသွန်းရုပ်တုနှင့် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချိုဦးလွန်းသီ အလှူငွေများ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး

ပြည် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှဝန်ထမ်း များ ဇူလိုင် ၄ ရက်က အနောက်လက်ခုပ် ပင်ကျေးရွာအုပ်စု အနောက်လက်ခုပ်ပင် ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ် များ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုသော်၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇောနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၃) စီမံချက် အရ နိုင်ငံသားအရည်အချင်းပြည့်မီသူ များအား အိမ်ထောင်စု လူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် လ၀က)

ပုလဲသွယ်စပ်မျိုးစပါး ကျောင်းကုန်းမြို့နယ်၌ မျိုးစေ့ချပွဲကျင်းပ

ကျောင်းကုန်း ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ တောင်သူဦးမောင်စိုး၏ လယ်မြေတွင် ခေတ်မီသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဝင်းထင်စိုး၊ မြို့နယ်မြေစာရင်း ဒုတိယဦးစီးမှူး ဦးစိန်တင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များနှင့် ဒေသခံတောင်သူများက မျိုးစေ့ချစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

တိုက်ကြီးမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၁

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အမှာစကား ပြောကြားပြီး တိုက်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်တင်တင်သန်းက ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့နှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူများ သိရှိလိုက်နာဆောင် ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပညာပေးရှင်းလင်း ပြောကြားသည်။

ထို့နောက် အခွန်ထမ်းပြည်သူများ၏ ပြန်လည်ဆွေးနွေးမေးမြန်းမှုများကို မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီးဌာန)

ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၂၀၆) ပထမထပ်နေ ဇနီး ဒေါ်ခင်ခင်မြနှင့် သားသမီး မြေးတစ်စုက ဖခင်ကြီး ဦးခင်မောင်စိုးအားရည်စူး၍ တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)သို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်း တို့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

လှည်းတန်းမီးပွိုင့်နေရာရွှေ့

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လမ်းငါးခုဆုံရာ လှည်းတန်းမီးပွိုင့် ခုံးကျော်တံတားစီမံကိန်းကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည်။

လှည်းတန်းခုံးကျော်တံတားနှင့် မလွတ်ကင်းသော လှည်းတန်းမီးပွိုင့်၊ မော်တော်ယာဉ်များ အချိန်ထိန်းရုံး၊ လမ်းငါးခုဆုံရာဧရိယာကို လမ်းမီးထွန်းပေး သော ဆလိုက်မီးရှစ်ပွင့် စိုက်ထူထားသည့် လျှပ်စစ်မီးတိုင်တို့ကို နေရာပြောင်းရွှေ့ လိုက်ပြီဖြစ်သည်။ ***(အောက်ပုံ)***

နေရာအသစ်မှာ ပြည်လမ်းမှ အင်းစိန်လမ်းဘက်သို့ကွေ့သော ကွေ့ကြော အပေါင်း လူသွားစင်္ကြံလမ်း(အသုံးမပြု)နေရာတွင်ဖြစ်၍ လမ်းမီးတိုင်ရှစ်ပွင့် နေရာမှာ လမ်းငါးခုဆုံရာ မော်တော်ယာဉ် အချိန်ထိန်းရုံးအသစ်ရှေ့တွင် ပြောင်း ရွှေ့စိုက်ထူလိုက်သည်။ လမ်းမီးဓာတ်တိုင်အသစ်မှာ ညအခါ လျှပ်စစ်မီးထွန်းပေးနေ ပြီဖြစ်သည်ကို တွေ့ရှိရသည်။ ***တင်အောင်(လှည်းတန်း)***

သဲကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုး

သဲကုန်း ဇူလိုင် ၁၁

ပြည်ခရိုင် သဲကုန်းမြို့နယ်၏ ၂၀၁၂ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မြို့နယ်လျှပ်စစ်မှူးရုံးဝင်းအတွင်း၌ကျင်းပရာ တိုင်းဒေသ ကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးရဲလင်းအောင်၊ ဒေါ်ဥမ္မာမိုမိုဇော်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်သစ်တောဦးစီး ဌာန ဦးစီးဌာနမှူး ဦးစိုးလွင်၊ ဦးကျော်မင်းသန့်တို့က ဌာနဆိုင်ရာများ၊ NGO အဖွဲ့ အစည်းများနှင့် ကျောင်းသား ကျောင်းသူများအား ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်နှင့် တမာစသည့် ပျိုးပင်ပေါင်း ၅၅၀ ကို ဖြန့်ဝေပေးပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိ ရသည်။ **(မြို့နယ်သစ်တော)**

မြန်မာအမျိုးသမီးများနေ့ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၁

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပ သော မြန်မာအမျိုးသမီးများနေ့ အခမ်း အနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင် သိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ပညာသင်နှစ် တက္ကသိုလ် ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူ များ၊ မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိ သူများနှင့်အခြားပြိုင်ပွဲများတွင် ထူးချွန် ဆုရရှိသည့် အမျိုးသမီးများအား ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြ ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း ဘဝတစ်ကွေ့ အတွေ့အကြုံ

သက်တံရောင်နှလုံးသားမှတစ်ဆင့်……

ရေနံ့သာမောင်ကျော်ညွန့်

ကျွန်တော်၏ဝန်ထမ်းလုပ်သက်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ။ တိတိကျကျ ဆိုရသော် နှစ်သုံးဆယ်ထက် သုံးနှစ် တိတိစွန်းခဲ့ပြီးပြီ။ သင်ကြားရေးဆရာဘဝမှ နေပြည်တော်ရှိ ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ နေပြည်တော်တွင် ဝန်ထမ်းအိမ်ရာရသည်။ ရသည့်တိုက်ခန်းက ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ရေ၊ မီး ပြည့်စုံသည်။ တီဗွီရုပ်သံ လိုင်းအတော်များများကိုလည်း ဖွင့်ကြည့်နိုင်သည်။

၇-၇-၂၀၁၂ ရက်နေ့သည် စနေနေ့ပင်ဖြစ်လင့်ကစား ရုံးသို့ရောက်သွား သည်။ ဆောင်ရွက်လက်စလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ရန်ဖြစ်သည်။ ရုံး ကနေ တိုက်ခန်းပြန်ရောက်သည့်အခါ ည ၈ နာရီထိုးရန် ဆယ်မိနစ်ခန့်သာလိုတော့ သည်။ တိုက်ခန်းရောက်သည်နှင့် မီးခလုတ်များကိုဖွင့်သည်။ တီဗွီဖွင့်သည်။

စနေ၊ တနင်္ဂနွေနေ့များတွင် ရုပ်သံ 5-Plus လိုင်း၌ သီချင်းမြစ်ဖျား အစီ အစဉ်ကို ထုတ်လွှင့်ပြသလေ့ရှိသည်။ သီချင်းမြစ်ဖျားအစီအစဉ်ကို မလွတ်တမ်းကြည့် ဖြစ်သည်။ သီချင်းမြစ်ဖျားအစီအစဉ် လာလိုလာငြားအတွေးဖြင့် 5-Plus လိုင်းကို ဖွင့်ကြည့်လိုက်သည်။ သက်တံရောင်နှလုံးသားအမည်ရှိ မြန်မာဇာတ်လမ်းထုတ်လွှင့် ပြသနေသည်။ ဇာတ်လမ်းပါဇာတ်ဆောင်များ၏ သရုပ်ဆောင်နေမှုက ပီပြင်လွန်း လှသည်။ အသက်ဝင်လွန်းလှသည်။ ကျွန်တော့်အား ဇာတ်လမ်းက ဖမ်းစားနေပြီ။ သို့နှင့်ကျွန်တော်သည် သက်တံရောင်နှလုံးသားဇာတ်လမ်းကို တစ်ဝက်တစ်ပျက်မှ သည် ပြီးဆုံးသွားသည်အထိ ကြည့်နေမိပါသည်။

သက်တံရောင်နှလုံးသားဇာတ်လမ်းတွင် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေစုငွေချေးလုပ်ငန်းက အထောက်အကူပြုပေးနိုင်ပုံ၊ ပြုပေးနေပုံကို ဖော်ကျူးထားခြင်းဖြစ်သည်။ ဆိုလိုသည့် လိုရင်းရောက်အောင် ဆွဲဆောင် နိုင်စွမ်းရှိသော ပညာပေးဇာတ်လမ်းဖြစ်ပါသည်။ တီဗွီဖန်သားပြင်ပေါ်ကို ကြည့်ရှု နေကြသူအားလုံးတို့အား ဖမ်းစားနိုင်စွမ်းရှိသော အနုပညာမြောက် မြန်မာ ဇာတ်လမ်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် 5-Plus လိုင်းမှ တခြား လိုင်းသို့ မကူးပြောင်းတော့ဘဲ ဇာတ်လမ်းပြီးဆုံးသွားသည်အထိ ကြည့်ရှုနေမိ ခြင်းဖြစ်ပါသည်။ ဇာတ်လမ်းတွင် လက်လုပ်လက်စား အကြော်သည်ဘဝမှတစ်ဆင့် အသုပ်စုံသည်ဘဝသို့ရောက်အောင် အသေးစားငွေစုငွေချေးသမဝါယမအသင်းက အရင်းအနှီးပြုပေးသည်။ အသုပ်စုံသည်ဘဝဖြင့် အိမ်တွင်းစီးပွားရေး ချောင် လည်လာသည်။ ထိုအသုပ်စုံသည်တွင် သမီးလေးတစ်ဦးရှိသည်။ စာကြိုးစားသည်။ လိမ္မာသည်။ လိမ္မာပြီး စာကြိုးစားသော ထိုသမီးလေးက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရမည့် ဒသမတန်းကျောင်းသူလေးဖြစ်သည်။ ထိုကျောင်းသူမလေး၏ စာကြိုး စားမှု၊ ရိုးသားမှု၊ လိမ္မာရေးခြားရှိမှု၊ အိမ်တွင်းစီးပွားရေး အခက်အခဲရှိမှုတို့ကို သတိပြုမိသော ဒသမတန်း အတန်းပိုင်ဆရာမက အိမ်သို့ရောက်လာသည်။ ကျောင်းသူမလေး၏မိခင်ဖြစ်သူ အသုပ်စုံသည်နှင့်တွေ့သည်။ သမီးဖြစ်သူအား အိမ်ခေါ်ပြီး စာသင်ပေးလိုကြောင်းပြောပြသည်။ မိခင်ဖြစ်သူ အသုပ်စုံသည်ထံသို့ တကူးတက ရောက်လာပြီး လိုလိုလားလားပြောပြနေခြင်းဖြစ်သည်။ မိခင်ဖြစ်သူက လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆရာမလေးထံအပ်နှံသည်။ ဆရာမလေးက အသုပ်စုံသည်၏သမီးကို အိမ်မှာခေါ်ပြီး အခမဲ့သင်ကြားပေးနေလေတော့၏။ ဇာတ်ဆောင်ဆရာမလေး၏ စေတနာကို လေးစားကြည်ညိုနေမိပါသည်။

ကျွန်တော်တို့ပညာရေးလောကတွင် ဇာတ်လမ်းပါ ဆရာမလေးကဲ့သို့ တပည့်များအပေါ် စေတနာထက်သန်သော၊ တပည့်တို့၏ကောင်းကျိုးကို လိုလား သော၊ တပည့်တို့၏ထူးချွန်ထက်မြက်မှုကို မြေတောင်မြှောက်ပေးလိုသော၊ အနစ်နာ ခံပြီး စေတနာထား ဆောင်ရွက်ပေးနေကြသော ရွှေပုန်းသီးဆရာ ဆရာမပေါင်း မြောက်မြားစွာရှိပါသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျောင်းသားတစ်ဦးကိုတွေ့ခဲ့ ဖူး၏။ ကျေးတောရွာဖွား ကျေးတောရွာသား။ သူ့မိဘများက ယာတောင်သူများ ဖြစ်ကြ၏။ ဆင်းရဲလှသည်။ အထက်တန်းအဆင့် ပညာသင်ယူရန်အတွက် ရေနံ ချောင်းမြို့သို့ ရောက်လာသည်။ ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစား နေပြီး ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှာ ကျောင်း တက်ရသည်။ ရိုးသားသည်။ ကြိုးစားသည်။ စာတော်သည်။ ဆရာဆရာမများက သနားချစ်ခင်ကြသည်။ အတန်းပိုင်ဆရာမက အိမ်ခေါ်ပြီး အနီးကပ်ကြီးကြပ် သင်ကြားပေးသည်။ မည်သည့်ကျူရှင်မျှ မတက်ခဲ့ရဘဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက်အောင်သွားခဲ့သည်။ ယခုအခါ ထိုကျေးတောရွာဖွား၊ ကျေးတောရွာ သားလေးသည် ဆရာဝန်ဘွဲ့ရရှိပြီး ဒေါက်တာခင်မောင်သန်းဖြစ်နေပေပြီ။

သက်တံရောင်နှလုံးသားဇာတ်လမ်းထဲတွင် အသေးစားငွေစုငွေချေး လုပ်ငန်း၏ကျေးဇူးကြောင့် ဆင်းရဲမှုလျှော့ကျခဲ့ရသည်။ သားသမီးတို့၏ ပညာရေး မြင့်မားလာခဲ့ရသည်။ ဇာတ်လမ်းတွင် အသုပ်စုံသည်၏သမီးလေးက တက္ကသိုလ်ဝင် စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည်။ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပပြီး ဂုဏ်ပြုချီးမြှင့်သည်။ ဇာတ်ဝင်ခန်းပါအသုပ်စုံသည်က ကျေးဇူးတင်စကားပြော သည်။ ဘာသာစုံဂုဏ်ထူးရှင် အသုပ်စုံသည်၏သမီးဖြစ်သူကလည်း ကျေးဇူးတင် စကားပြောသည်။ မိခင်ဖြစ်သူနှင့်သမီးဖြစ်သူတို့သည် အိမ်မှာခေါ်ပြီး စာသင်ပေး ခဲ့သော စေတနာရှင်ဆရာမလေးအား ကျေးဇူးတင်စကားပြောကြားရန် မေ့သွား ဟန်ရှိသည်။ ကျေးဇူးတင်ရမည့်အထဲတွင် ဆရာမလေး၏အမည်ကိုကား ပါမလာ ပေ။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၉၊ သုံးလွှာ၊ (ခြေရင်းခန်း)အကျယ်အဝန်းအားဖြင့် ပေ(၁၂½×၅၀) တိုက်ခန်းကိုရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးရင် ၁၂/သဃက(နိုင်)၁၃၇၉၅၄ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ကျွန်တော် ဦးစိုးမိုး ၁၂/ဗတထ(နိုင်)၀၀၁၈၁၅က ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုမှုတစ်စုံတစ်ရာရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးမိုး
၁၂/ဗတထ(နိုင်)၀၀၁၈၁၅

ဦးစိုးတီ ၁၂/ပဘတ(နိုင်)၀၁၉၅၁၆ နှင့် အများသိစေရန်

ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်နိုင်နိုင်ထွေးနှင့် ဗဟန်းမြို့နယ်နေ ဒေါ်ခင်မာလွင်တို့ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိုးတီနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၈၁ နေ ဦးစိုးတီသည် ၂၀၁၁ခုနှစ် ဖွန်လတွင် အထက်အမည်ပါ ကျွန်ုပ်တို့၏မိတ်ဆွေများထံမှ ငွေကျပ်သိန်း ၂၀၀ ကို စာချုပ်ချုပ်ဆို၍ ယုံကြည်စွာဖြင့်အပ်နှံကူညီခဲ့ခြင်းကို ၁၇-၁၂-၂၀၁၃ရက်နောက်ဆုံးထား၍ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ကတိပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ဦးစိုးတီသည် ဖော်ပြပါသတ်မှတ်ရက်အတွင်း ယုံကြည်အပ်နှံထားသည့် ငွေကျပ်သိန်း ၂၀၀ ကို ပြန်လည်ပေးအပ်ရန်ပျက်ကွက်ခဲ့သောကြောင့် ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်နိုင်နိုင်ထွေးနှင့် ဒေါ်ခင်မာလွင်တို့ထံဖြစ်စေ ဆက်သွယ်၍ ဦးစိုးတီ လက်ခံရယူထားယုံကြည်အပ်နှံငွေကျပ် သိန်း ၂၀၀ အား ပြန်လည်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဦးစိုးတီအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ထို့ပြင် ဦးစိုးတီအမည်ဖြင့် ငှားရမ်းထားသောအဆောက်အအုံများ၊ အမည်ပေါက်ပိုင်ဆိုင်မှုများအား ကြော်ငြာပါရှိပြီးနောက် လွှဲပြောင်းဆောင်ရွက်ခြင်းများမပြုရန်နှင့် လွှဲပြောင်းဆောင်ရွက်မှုများပြုခဲ့လျှင် လွှဲပြောင်းဆောင်ရွက်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နေခြည်ဦး LL.B, D.B.L	**ဦးဝင်းမြင့် H.G.P, LL.B**
ဒေါ်မိုးမိုးအောင် LL.B, D.B.L	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၄၉)**
ဒေါ်အေးမွန်အောင် LL.B, LL.M	**အမှတ် ၂၁၆ (ပထမထပ်)၊**
အထက်တန်းရှေ့နေများ	**ပန်းဆိုးတန်းလမ်း(လယ်)၊**
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်း (ခ-၁)အမှတ်(၁)ရှိ ညောင်လေးပင်မြို့နယ် စုပေါင်းကုန်စည်ပို့ဆောင်ရေး လုပ်ငန်းနှင့်ပတ်သက်၍

သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်း (ခ-၁) အမှတ်(၁)ရှိ ညောင်လေးပင်မြို့နယ် စုပေါင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှာ ညောင်လေးပင်မြို့၌ အခြေစိုက်တည်ထောင်ထားသော ကုန်စည်ပို့ဆောင်ရေးအသင်းပိုင်လုပ်ငန်းဖြစ်ပါသည်။ ၁၉၅၀ခုနှစ်ခန့်မှစ၍ ညောင်လေးပင်မြို့နယ်မော်တော်ယာဉ်ကြီးအသင်းဟုတည်ထောင်ပြီး ရန်ကုန်မြို့ (၂၄)လမ်း(အောက်)တွင်ဂိတ်ဖွင့်ကာ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ အသင်းဂိတ်အား (၂၄)လမ်း၊ ၃၁လမ်း၊ စည်းအိုးတန်းလမ်း၊ ထိုမှ ဘုရင့်နောင်ခရေလမ်းသို့ပြောင်းရွှေ့ကာ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ညောင်လေးပင်မြို့အခြေစိုက် ကုန်စည်ပို့ဆောင်ရေးအသင်း အမှုဆောင်အဖွဲ့က ကြီးကြပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘုရင့်နောင် ခရေလမ်းဂိတ်မှ မော်တော်ယာဉ်များ ကုန်တင်ဆောင်ရာတွင်လည်း ညောင်လေးပင်မြို့ ကုန်စည်ပို့ဆောင်ရေးအသင်းဝင်ကားများသာ ကုန်တင်ဆောင်ခွင့်ရှိပါသည်။ အသင်းဝင်ကားများကိုသာ ကုန်တင်ပေးရန် ညောင်လေးပင်မြို့ ကုန်စည်ပို့ဆောင်ရေးအသင်း အမှုဆောင်အဖွဲ့က ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ဘုရင့်နောင် ခရေလမ်းဂိတ်အား ကြီးကြပ်ရန် ညောင်လေးပင်မြို့ ကုန်စည်ပို့ဆောင်ရေးအသင်း အမှုဆောင်အဖွဲ့က ဘုရင့်နောင်ဂိတ်အမှုဆောင်အဖွဲ့အား တာဝန်ခွဲဝေပေးထားခြင်းဖြစ်ပါသည်။ ဘုရင့်နောင်ပွဲရုံ ခရေလမ်းရှိ ညောင်လေးပင်မြို့နယ် စုပေါင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှာ ဘုရင့်နောင်ဂိတ် အမှုဆောင်အဖွဲ့ပိုင် လုပ်ငန်းမဟုတ်ပါ။ (ဥပမာအားဖြင့် မိဘပိုင်လုပ်ငန်းကို သားသမီးအား လုပ်ကိုင်ခိုင်းခြင်းဖြစ်ပါသည်။) ဘုရင့်နောင်ပွဲရုံ ခရေလမ်း(ခ-၁) အမှတ်(၁)ရှိ ညောင်လေးပင်မြို့နယ် စုပေါင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအား ညောင်လေးပင်မြို့ ကုန်စည်ပို့ဆောင်ရေးအသင်း အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ကုန်တင်/ချခြင်းမလုပ်နိုင်ရန် ဂိတ်ပိတ်ခြင်းစသည်တို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ညောင်လေးပင်မြို့ကုန်စည်ပို့ဆောင်ရေးအသင်း အမှုဆောင်အဖွဲ့၏ လွှဲအပ်ချက်အရ-
ဦးခင်မောင်လွင်
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၃၈၅၄၂၇၊ ၀၅၂-၅၀၄၀၂

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံနက်ပိုင်းမှာသီလပေး၍ မွန်းလွဲ ၁နာရီမှ ၂နာရီအထိ ဝိပဿနာတရားဟောကြားပြီး မွန်းလွဲ ၂နာရီမှ၂း၃၀နာရီအထိ လက်တွေ့အားထုတ်ရမည်ဖြစ်သည်။ အောင်စကြာဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင် သီလပေး၍ ညနေ ၃း၃၀နာရီမှ ၄း၃၀နာရီအထိ ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပြီး ညနေ ၅နာရီမှ ၆နာရီအထိ တရားအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်၍ နာယူအားထုတ်နိုင်ကြပါသည်။

၅-၇-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)တွင်ပါရှိသည့် ဒေါ်မြင့်မြင့်စောနှင့် တရားလွှတ်တော်ရှေ့နေ ဦးစိုးသိန်း အထက်တန်းရှေ့နေ ဦးမျိုးမောင်မောင်စိုး၊ ဦးညီညီစိုးတို့၏ ရှင်းလင်းကြေညာချက်နှင့်ပတ်သက်၍

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၆၄ နေ ဦးဗိုလ်ဆိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆ စီ-၂၊ မြေကွက်အမှတ်(S1/4 of II 19) ဧရိယာပေ(၂၅×၆၀)အကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၈၁/၁၈၃)ဟုခေါ်တွင်သော သုံးထပ်တိုက်အဆောက်အအုံနှင့် ယင်းအဆောက်အအုံတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်များနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဗိုလ်ဆိုင်က မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်(ခ)ဦးမိုဟာမက်စူလတန် ၁၂/ပဘတ(နိုင်)၀၁၆၆၉၂၏အမွေစားအမွေခံတစ်ဦးဖြစ်သူဒေါ်ခင်မြင့် ၁၂/ပဘတ(နိုင်)၀၁၆၆၉၂ထံမှ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ ၂၈-၅-၉၇ရက်စွဲပါ တရားမအထွေထွေမှုအမှတ် ၁၁/၉၇ ၏ အမွေထိန်းစာလက်မှတ်နှင့် ၂၂-၈-၉၇ရက်စွဲပါ ရောင်းချခွင့်အမိန့်တို့အရ ၅-၁၁-၉၇ရက်တွင်ဝယ်ယူခဲ့ပြီး အရောင်းအဝယ်စာချုပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ရာ မှတ်ပုံတင်စာချုပ်အမှတ် ၂၁၆/၉၈ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင်လည်း မူလအမည်ပေါက် K.S Mohamed Sulton (ခ)ဦးမောင်မောင်အမည်မှ ဦးဗိုလ်ဆိုင်အမည်သို့ပြောင်းလဲထားပြီးဖြစ်ရာ ၁၉၉၈-၉၉ခုနှစ်သုံးမြေပုံတွင် အမည်ပေါက်လျက်ရှိပြီးဖြစ်ပါသည်။ လူကြီးမင်းတို့ညွှန်းဆိုသော မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၁၅၉/၀၃ ထက် ခြောက်နှစ်ခန့်စော၍ အဆိုပါမြေကွက်နှင့် သုံးထပ်တိုက်အဆောက်အအုံကို အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီးဖြစ်သောကြောင့် ဦးဗိုလ်ဆိုင်သည်သာလျှင် တရားဝင်မြေပိုင်ရှင်၊ အိမ်ပိုင်ရှင်ဖြစ်ကြောင်း ပြန်လည်အသိပေးရှင်းလင်းကြေညာအပ်ပါသည်။ သို့ပါ၍ အထက်တွင်ဖော်ပြခဲ့သော မြေကွက်နှင့်အဆောက်အအုံ၏ ပိုင်ရှင်အစစ်အမှန်မှာ ဦးဗိုလ်ဆိုင်သာလျှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအဏ္ဏဝါစိုး (စဉ်-၈၂၄၇) ဒေါ်တင်အုန်းမြင့် (စဉ်-၇၃၅၁)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၂၊ ဘယသုဒ္ဓိလမ်း၊ ပထမထပ်(ဝဲ)၊ ကျားကွက်သစ်ရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၁၆၇၃၂၇၊ ၀၉-၇၃၂၀၈၂၂၅

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ မိုးကြိုးပစ်၊ အထက(ခွဲ)၊ သတ္တမတန်း(B)မှ မပန်နာ၏ ဖခင်အမည်မှန်မှာ ဦးကန်ချား ၉/ပဥလ(နိုင်)၀၀၉၅၀၃ဖြစ်ပါသည်။

ဦးကန်ချား

အမည်ပြောင်း

ဦးမြင့်လွင်၏သားနှင့်သမီးဖြစ်သော မြိတ်မြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(A)မှ မချိုးသက်ဇင်အား မချိုးသက်မာဟုလည်းကောင်း၊ ဆဋ္ဌမတန်း(B)မှ မောင်စိုပြေဦးအား မောင်သက်ပိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မချိုးသက်မာ ၆/မမန(နိုင်)၁၉၉၅၂၄
မောင်သက်ပိုင်ဦး ၆/မမန(နိုင်)၁၉၉၃၂၂



သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ပြည့်ထက်ပိုင် ၁၂/ဗဟန(နိုင်)၁၀၂၁၆၀သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်စန်းစန်းတင့်
၁၂/ဗဟန(နိုင်)၀၉၉၆၅၁
တော်ဝင်အိမ်ရာ၊ ဒဂုံ(မြောက်)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၃၀၃၊ မြေကွက်တည်နေရာအမှတ် ၁၃၀၃၊ မြိတ်လမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဦးအောင်သန်း TGO-၁၀၂၄၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း(ဖခင်) ဒေါ်ခင်မေ(မိခင်) ကွယ်လွန်သဖြင့် ၁။ ဦးကျော်ထွေး ၁၂/ဒဂတ(နိုင်)၀၄၃၂၄၉၊ ၂။ ဦးစိုးသန်း ၇/ကတခ(နိုင်)၀၂၄၂၁၀၊ ၃။ ဦးအောင်လေး ၁၂/ဥကတ(နိုင်)၀၇၉၂၃၃၊ ၄။ ဦးစိုးသိန်း ၁၂/ဥကတ(နိုင်)၀၇၃၁၇၉၊ ၅။ ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၀၇၂၃၁၀တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၆၈/ခ၊ မြေကွက်တည်နေရာအမှတ် (၁၆၈/ခ)၊ ရာဇသင်္ကြန်လမ်း၊ ၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရဲတင့်အောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရဲတင့်အောင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၄၃၉/၀၇ / ၁၁-၁၂-၀၇ အထူးကိုယ်စားလှယ် ဦးကေစီ ၁၂/လမန(နိုင်)၁၂၈၆၃၀က ပါဝါရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ ၁၆/၂၀၁၂ / ၁၉-၁-၁၂ ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ



ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၀၊ ဦးပိုင်အမှတ် ၈၆ (ခဲစင်း) ၉×၁၀ လမ်း၊ ၇၃×၇၆လမ်း ဦးသောကြာ အမည်ပေါက်မြေကွက်အား ဦးအောင်နိုင်ထွန်း ၁/မကန(နိုင်)၀၆၀၃၃၉ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ပိုင်ဆိုင်ကြောင်း ကြေညာရန် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

အမြင့် (၁၅)မီတာ တန် ၂၀၀၀ဆံ့ ဆီကန်ဆောက်လုပ်ရန် စိတ်ဝင်စားသူများ ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၀၁၂၀၀၆

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ

အသက် (၈၈)နှစ်

မန္တလေးအသင်း(ရန်ကုန်)နာယက သခင်ချန်ထွန်း (သံအမတ်ကြီး-ငြိမ်း)၏ ဇနီး ဒေါ်အမာသည် ၅-၇-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းအောင် (မုံရွာ)

အသက် (၈၁)နှစ်

မုံရွာမြို့နေ ဦးမျိုးဝင်း-ဒေါ်မြမြဝင်း (အောင်မြတ်သန်းရေယာဉ်သယ်ယူပို့ဆောင်ရေး) တို့၏ဖခင် ဦးသိန်းအောင် အသက်(၈၁)နှစ်သည် ၆-၇-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးအောင်-ဒေါ်မြအေး
(အောင်သရဖူရေယာဉ်သယ်ယူပို့ဆောင်ရေး)
ဦးသစ်လွင်-ဒေါ်နုနု
ဦးထွန်းထွန်း-ဒေါ်သိန်းအေး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
အင်းစိန်မြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး(၂)ရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၉

ဒေါ်ခိုင်သူဇာ၁၂/မဂတ(နိုင်)၀၈၆၃၅၈ (၄င်း၏တရားဝင်အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးတင့်လွင်ဇော်) **နှင့်** ၁။ ဦးဘိုးရှိန်း ၂။ ဦးသိန်းထိုက်

တရားလို **တရားပြိုင်များ**

တရားပြိုင်များဖြစ်သူ (၁) ဦးဘိုးရှိန်း၊ အမှတ် ၅၅၊ (၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာ မသိ) နှင့် (၂) ဦးသိန်းထိုက် အမှတ် ၄၃၊ ဟံသာဝတီ(၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်ပါအမှုတွင် တရားလိုဒေါ်ခိုင်သူဇာ (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးတင့်လွင်ဇော်)က အမှတ် ၂၆၇/Bနိဗ္ဗာန်လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ မြေအကျယ် အလျား ၂၈ပေ×အနံ ပေ၆၀မြေကွက်အား စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှုစွဲဆိုထားသောကြောင့် ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ရက်)တွင် ရင်ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ ဤအမှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ဤအမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ဤငြင်းချက်ထုတ်ရန်သမ္မန်စာအား ၂၀၁၂ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျင့်ဇကပ်(တွဲဖက်မြို့နယ်တရားသူကြီး)
အင်းစိန်မြို့နယ်တရားရုံး



ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်ကျော်(ငြိမ်း) (CEO Air Mandalay Ltd.) ဒေါ်အိအိချို (MD-Hlaine Tet Group Ltd.)တို့၏ ကျေးဇူးရှင်ဖခင် ဦးကေတုသာရ(ခ) ဦးသန်းရွှေသည် ၈-၇-၂၀၁၂ရက်တွင် ပုံလွန်တော်မူကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ
အဲမန္တလေးလီမိတက်

ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ် ၁၄၀၊ ဦးပိုင်အမှတ် (၈-ခ) (ခဲစင်း) ၈၁လမ်း၊ မောင်ခင်၊ မပု၊ ဒေါ်လှိုင် အမည်ပေါက် မြေကွက်အား ဦးသန်းနိုင် ၉/မမန(နိုင်)၀၁၀၁၄၉၊ ဒေါ်မြမြသွေး ၉/မနမ(နိုင်) ၀၁၂၃၅၀က အမှုတွဲအမှတ် ၀၁၆၆/ဘ(ခွဲ/ပြောင်း) ၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၌ရပ်ကွက်၊ ဆက်သွယ်ရေးဝင်းနေ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတိုင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် ရွှေပေါက်ကံ (၁၂)ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၁ ပါမစ်မြေကို စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သူထံမှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေပေးချေ၍ စာချုပ်ချုပ်ဆိုဝယ်ယူထားပါသည်။

ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူများသည် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများမူရင်းတို့ဖြင့် ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံဖြစ်စေ၊ ဦးတိုင်းအောင်ထံ ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေအရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးအေးမူ LL.B	**ဦးဝင်းမြင့် H.G.P, LL.B**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ(၃၈၄၉)**
တိုက် ၇၊ အခန်း ၅၀၄၊	**ဒေါ်မိုးမိုးအောင် LL.B, D.B.L**
မြကန်သာအိမ်ရာ၊ ၅ရပ်ကွက်	**ဒေါ်အေးမွန်အောင် LL.B, LL.M**
လှိုင်မြို့နယ်၊ ရန်ကုန်မြို့	**အထက်တန်းရှေ့နေများ**
	အမှတ် ၂၁၆၊ ပထမထပ်၊ ပန်းဆိုးတန်း
	(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ဒေါ်ခင်သန်းဆွေ (ဝါးခယ်မ)

B.Ed (၁၉၇၀)

အထက်တန်းပြ(ငြိမ်း)၊ အထက(၃) ဒဂုံ

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၂-၇-၂၀၁၂ရက်တွင် (၃)နှစ်ပြည့်ပြီးဖြစ်သော်လည်း တစ်ရက်မျှမမေ့နိုင်ပါ။ ချစ်ဇနီး၊ ချစ်မာမီအားရည်စူး၍ (၃)နှစ်ကာလအတွင်း ဘုရား၊ စေတီများအား ရွှေသင်္ကန်းကပ်ခြင်း၊ ဘက်စုံပြုပြင်ရန်လှူဒါန်းခြင်း၊ သိမ်၊ ကျောင်း၊ ဇရပ်နှင့် လူမှုရေး၊ ပညာရေးအတွက် လှူဒါန်းခြင်း၊ ၁၂-၇-၂၀၁၂ရက်တွင် သံဃာတော်များအား ဆွမ်း၊သင်္ကန်းကပ်၍ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်လှူဒါန်းခြင်းအစရှိသော ကောင်းမှုများ ပြုလုပ်ခဲ့ပါသည်။

မြေးဖြစ်သူ မောင်မင်းခန့်ဇော်ကိုလည်း ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှောက်ခဲ့ပါသည်။ ဤကောင်းမှုအစုစုကို ရောက်ရာဘုံဘဝမှ ကြားသိ၍ သာဓုခေါ်နိုင်ပါစေ။ အမျှ-အမျှ-အမျှပေးဝေပါသည်။

ခင်ပွန်း-ဦးသန့်ဇော် အထွေထွေမန်နေဂျာ(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
သမီးကြီး-ဒေါက်တာစိုးမင်း (ခွဲစိတ်အထူးကုဆရာဝန်၊ အမ်းမြို့)-ဒေါ်ချိုပြုံးဇော်
သား-ဦးရဲမင်းဇော် (ဒုတိယအင်ဂျင်နီယာမှူးကြီး၊ ရန်ကုန်-မန္တလေးအမြန်လမ်း ပဆင)-ဒေါ်ဝင်းမျိုးထက်
ချစ်မြေးများ- မနှင်းအိချို၊ မဝင်းရူပါမင်း၊ မောင်မင်းခန့်ဇော်

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ/၁၀၊ ဦးပိုင်အမှတ် ၆၇၊ ၄၉လမ်း×လမ်း ၅၀၊ အောင်ဆန်းလမ်း×အောင်ဇေယျလမ်း၊ တပ်သားလှငွေ အမည်ပေါက် မြေကွက်အား ဒေါ်သွယ်သွယ်ညို ၁၂/သကတ(နိုင်) ၀၅၂၉၆၇က အမှုတွဲအမှတ် ၃၉၇၀/၂၀၁၁-၂၀၁၂ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှ မြို့ပြောင်း/ဂရန်မိတ္တူ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊
တွဲဖက်(၂) မြို့နယ်တရားသူကြီးရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဒေါ်အုန်းကြည် **နှင့်** ဦးစိုးဝင်း

တရားလို **တရားပြိုင်**

အမှတ် (၆၇)၊ သုံးလွှာ၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ် (သို့မဟုတ်) အမှတ် ၁၆၁၊ မြစပယ်လမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ယခုနေရပ်လိပ်စာ မသိသူ) ဦးစိုးဝင်းသိစေရမည်။

ဒေါ်အုန်းကြည်က ဦးစိုးဝင်းအပေါ် လင်နှင့်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၆ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုနုဝေ၊ တွဲဖက်(၂)မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်)ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် ၅၀ပေါ်တွင်တည်ဆောက်ထားသော တိုက်အဆောက်အအုံ၏ မြေညီထပ် တစ်ခန်းနှင့် ပထမထပ် တစ်ခန်း၊ (ခြေရင်းခန်း/တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခန်း) ဟောင်ကောင်ပုံစံ နှစ်လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ ပိုင်ရှင်ဖြစ်သည်ဟုဆိုလာသူ ဦးမြင့်ဆွေ ၁၁/ဂမန(နိုင်)၀၃၀၅၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတိုကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)နှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိထားဖြူ LL.B, D.B.L, D.I.L, MA (Business Law), D.A.Psy
အထက်တန်းရှေ့နေ (စဥ်-၂၅၃၃၅)
အမှတ် (၁/ဒီ)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၅၀၅၈၇၁

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၁၀၆၂-ခ၊ မြေကွက်တည်နေရာ ၁၀၆၂-ခ၊ ဈေးလမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သိန်းတင်၊ ဦးဇော်ဝင်း အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်း ကွယ်လွန်သဖြင့် ဒေါ်သိန်းတင် ၁၂/သကတ(နိုင်)၀၈၁၁၆၂ကဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၈၄၇/ခ၊မြေကွက်တည်နေရာအမှတ် ၈၄၇/ခ၊သံသုမာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးတင်အုန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်အုန်း S/OKA-၀၆၃၅၈၃က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆၊မြေကွက်အမှတ် ၄၉၁၊ မြေကွက်တည်နေရာ အမှတ် ၄၉၁၊ မန္တလေးလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဦးစောလွင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစောလွင်နှင့် ဒေါ်စောစောဦး မိခင်နှင့်ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် (၁)ဦးမောင်မောင်သင် ၁၂/သကတ(နိုင်)၁၁၁၀၀၃၊ (၂) ဦးမောင်မောင်ဇင် ၁၂/သကတ(နိုင်)၁၁၁၀၀၄၊ (၃) ဦးညီညီလွင် ၁၂/သကတ(နိုင်) ၁၁၁၀၀၅၊ (၄) ဦးကျော်ကျော်လွင် ၁၂/သကတ(နိုင်)၀၀၃၃၃၃၊ (၅) မစောမြကေခိုင် ၁၂/ဒဂလ(နိုင်) ၀၀၄၉၉၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အထူးကိုယ်စားလှယ်လွှဲစာပါ လုပ်ပိုင်ခွင့်များကို ဆက်လက်လုပ်ကိုင်ခွင့်ရှိကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၂၁၉၊ သုနန္ဒာလမ်းမကြီး၊ (ည)ရပ်ကွက်တွင် နေထိုင်သူ ဦးကြီးမြိုင် ၆/ပလန(နိုင်)၀၃၄၇၃၂ က အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်တော်ကဇနီးဖြစ်သူ ဒေါ်တင်ကြည်ဝင်း(ဘ)ဦးဝင်းမောင်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကျွန်တော်အမည်ပေါက်ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၂၁၉ ဘီ)ဟု ခေါ်တွင်သည့် ပေ (၂၀×၆၀) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ(လျှပ်စစ်မီး)အပါအဝင် သီးပင်၊ စားပင် ပိုင်ဆိုင်မှုအရပ်ရပ်တို့နှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အိုးအိမ်ဦးစီးဌာနနှင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် မြေငှားဂရန်အမည်ပြောင်းခြင်း၊ မြေပုံလျှောက်ထားခြင်းနှင့် ဆောင်ရွက်ရန်ရှိသော ကိစ္စရပ်များအားလုံးတို့ကို တရားဝင်ပြောဆိုဆောင်ရွက်နိုင်ရန်နှင့် ရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း အကျိုးခံစားပိုင်ခွင့်များကို ဇနီးဖြစ်သူ ဒေါ်တင်ကြည်ဝင်းအား တရားဝင်ပြောဆိုဆောင်ရွက် လုပ်ကိုင်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အဆိုပါ အထူးကိုယ်စားလှယ်လွှဲအပ်ထားမှုကို ကျွန်တော်က ၂၀၁၁ခုနှစ် ဇူလိုင် ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့ပါသည်။

သို့သော် ယခုအခါ ကျွန်တော်နှင့်ကျွန်တော်၏ ဇနီး ဒေါ်တင်ကြည်ဝင်းမှာ ညှိနှိုင်းပြေလည်သွားကြပြီဖြစ်၍ အဆိုပါ ကျွန်တော်မှ ဒေါ်တင်ကြည်ဝင်းအား လွှဲအပ်ထားသည့် ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခဲ့သည့် ရုပ်သိမ်းမှုအား ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။ ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာပါ လုပ်ပိုင်ခွင့်များအတိုင်း ဒေါ်တင်ကြည်ဝင်းက ဆက်လက်လုပ်ကိုင်ခွင့်များကိုပေးအပ်လိုက်ပါကြောင်းအများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

အသိပေးကြေညာသူ ဦးကြီးမြိုင် ၆/ပလန(နိုင်)၀၃၄၇၃၂
အမှတ်(၁၂၁၉)၊ သုနန္ဒာလမ်းမကြီး၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်C(စီ)၊ ဦးပိုင်အမှတ် (၂၁)၊ ၆၆လမ်း၊ သဇင်လမ်း×ငုပြာလမ်းကြား ဦးချစ်ရွှေ အမည်ပေါက် ဂရန်မြေကွက်အား ဦးဝင်းမောင်(ခ)ဦးဌေးဝင်း ၁၃/တခလ(နိုင်)၀၃၄၃၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း ဂရန်မိတ္တူအမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်း၊ အကွက်(၃၂၄)နေ ဦးထွန်းလှိုင် ၉/မနတ(နိုင်)၀၅၅၅၈၀-ဒေါ်ဌေးစိန် ၉/မနတ(နိုင်)၀၅၅၅၈၁တို့၏ သား မောင်ကျော်ထွန်းလင်း ၉/မနတ(နိုင်)၀၉၅၁၆၀သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးထွန်းလှိုင်-ဒေါ်ဌေးစိန်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၄၊ မြေကွက်အမှတ် ၉၃၅၊ မြေကွက်တည်နေရာ အမှတ် ၉၃၅၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစန်းအောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစန်းအောင်ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၂၈/၀၂ ၁၃-၈-၀၂ ဖြင့် ရရှိသူ ဦးညီညီအောင် ၁၂/သဃက(နိုင်)၁၃၈၆၉၆က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊မြေကွက်အမှတ် ၈၂၂/ခ၊မြေကွက်တည်နေရာအမှတ် ၈၂၂/ခ၊သံသုမာလမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ယဉ်ယဉ်ဌေး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်ဌေး ကွယ်လွန်သဖြင့် ဦးသန်းဇော် ၁၂/ဥကတ(နိုင်)၁၅၁၅၉၇ကတစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွာသာကြီးကျေးရွာနေ ဦးထွန်းငွေ ၅/ဝလန(နိုင်)၀၄၅၅၂၈-ဒေါ်တင်မွေး ၅/ဝလန(နိုင်)၀၃၀၀၂၆တို့၏ သမီး မသင်းစုဝင်း ၅/ဝလန(နိုင်)၁၂၅၂၇၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများနှင့် မောင်နှမများ၏ ဂုဏ်သိက္ခာများကို အကြိမ်ကြိမ်ထိခိုက်နစ်နာအောင် ဆောင်ရွက်ခဲ့သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးထွန်းငွေ-ဒေါ်တင်မွေး

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

စစ်ရေးချုပ်(ငြိမ်း)
နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)
ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)
အသက်(၉၃)နှစ်

ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မတော်သားဟောင်းလွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

စစ်ရေးချုပ်(ငြိမ်း)
နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)
ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)
အသက်(၉၃)နှစ်

မိဘကဲ့သို့ချစ်ခင်ရိုသေလေးစားရပါသော ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလှမြင့်ဦး-ဒေါ်အေးအေးမြင့် မိသားစု
ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊
ပြည်သူ့လွှတ်တော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ထားထားမေ

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၄)စမ်းချောင်း
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ် ၁၂၊ အင်ပူလမ်းနေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးကော်-ဒေါ်စိန်ထွေး)တို့၏သမီး၊ ရဲအုပ်မောင်မောင်(ငြိမ်း)-ဒေါ်အုန်းကြိုင်၊ (ဦးဟန်ရှိန်)၊ (အရာခံဗိုလ်ကျော်ဇောအောင်၊ ငြိမ်း-ဒေါ်ကြည်)၊ (ဦးကျော်တင့်)၊ (ဒေါ်ရီ)၊ ဦးဘမြိုင်(စက်မှု/လယ်ယာ၊ ငြိမ်း)-ဒေါ်စိန်ညွန့်တို့၏ညီမ၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ခင်မြင့်(ဦးစီးမှူး၊ ငြိမ်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)တို့၏အစ်မ၊ တူ၊ တူမ ၁၄ယောက်တို့၏အဒေါ်၊ မြေး ၁၃ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၇-၂၀၁၂ရက် မွန်းလွဲ ၂း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၂ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်လွင်

(စီမံကိန်းဒါရိုက်တာ၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(KBZI ဘိလပ်မြေစက်ရုံစီမံကိန်း)
အသက်(၆၁)နှစ်

မန္တလေးမြို့၊ ရတနာပုံ/ရန်ကင်းသာယာရပ်ကွက်၊ အမှတ် ၂နေ ဒေါ်စန်းစန်းအေးလှိုင်၏ခင်ပွန်း၊ ကိုစံဝင်း-မဗေပရယ်ထွန်းဦး၊ ကိုငြေးလင်းမြတ်-မတင်တင်မော်၊ ကိုတင်ထွန်းလှိုင်တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်လွင်သည် ၉-၇-၂၀၁၂ရက် (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကမ္ဘောဇစက်မှုလုပ်ငန်းများလီမိတက်မှ
ဒါရိုက်တာများနှင့်ဝန်ထမ်းမိသားစုများ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာလီမာဘီဘီ(ခ) ဒေါ်မြင့်မြင့်ခင် (သံတွဲ)

အသက်(၆၅)နှစ်

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်းနေ [ဟာဂျီဦးအစ္စမိုင်(ခ)ဦးမောင်ကလေး-ဒေါ်မရှာ(ခ)ဒေါ်မေခင်]တို့၏သမီးကြီး၊(ဦးအောင်တင်-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊အမှတ် ၈၆၃၊ အခန်း ၀၁၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်နေ (ဦးစိုးတင်၊ ဦးစီးအရာရှိ)၏ဇနီး၊ ဒေါ်ခင်သင်ဇာစိုး၊ ဒေါ်ခင်သန္တာစိုး(ဖွဲ့မာန်ဟုန်ကျူရှင်)တို့၏မိခင်၊ ဟာဂျီမဒေါ်မရီ၏ညီမ၊ ဦးသိန်းမြင့်-ဒေါ်ကြူကြူသန်း၊(ဒေါ်မြင့်မြင့်သန်း)၊(ဦးမောင်မောင်လေး)၊ ဦးမောင်မောင်ဦး-ဒေါ်မြင့်မြင့်သိန်းတို့၏အစ်မ၊ (ဦးခင်မောင်သန်း)၊ ဒေါက်တာမိမိတင်၊ ဒေါ်နီနီအောင်၊ ဒေါ်ညိုညိုအောင်၊ ဦးခင်မောင်ဌေး၊ ဒေါ်ဝါဝါအောင်တို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်သည် ၉-၇-၂၀၁၂ရက် နံနက် ၄း၄၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံကြီး၌အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုလ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်အစ္စမိုင်(ခ)ဘာဘူဘိုင် (ခ) ဦးခင်စိုး (R.O)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
လွတ်လပ်ရေးရပ်ကွက်
ရပ်/ကျေးတာဝန်ခံ
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အမှတ် ၃၄၊ ၉၇ လမ်းနေ (ဦးဘသိန်း)-ဒေါ်လှဝင်းတို့၏သားကြီး၊ (ဦးမြင့်တင်)-ဒေါ်လှလှဝင်း၊ ကိုဇော်မင်းလွင် - ဒေါ်မိမိ(ခ)ဥမ္မာဝင်း (ခေတ္တ-USA)၊ ဒေါ်ဖြူဖြူဝင်း၊ ဦးခင်မောင်ချို-ဒေါ်ဘိုမ၊ ကိုဇော်မင်းတို့၏အစ်ကိုကြီး၊ မောင်စည်သူသိန်း၊ မောင်တေဇာသိန်း၊ ဒေါက်တာမင်းသိန်းထိုက်၊ မောင်ဝေယံထွန်း(ခေတ္တ-USA)၊မရတနာထွန်း(ခေတ္တ-USA)၊ သရဖီမောင်ချို၊ မောင်ဟိန်းထက်မောင်ချို၊မောင်နန္ဒအောင်၊ မနန္ဒလှိုင်တို့၏ဦးလေးသည် ၁၀-၇-၂၀၁၂ရက် ည ၁၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ဘင်္ဂါလီစုဗလီကြီး၌ ဂျနာဇာဆွလာဒ်ဝတ်ပြုပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တွင် ဒါဖနာ ပြီးစီးပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

ကြည်း-၃၅၃၁
စစ်ရေးချုပ်(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)
ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၊ အင်းလျားလမ်းနေ (ဦးထုံး-ဒေါ်မြို့)တို့၏သားကြီး၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ (ဦးသိန်းထွန်း)-ဒေါ်တင်တင်မြ၊ ဒေါ်ခင်ပု၊ (ဦးသိန်းတန်)-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ညွန့်(ငြိမ်း)တို့၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးစိုးသိန်း(ငြိမ်း)-ဒေါ်နွယ်နွယ်စိန်၊ ဦးခင်ညိုမောင်-ဒေါ်ငြိမ်းငြိမ်း၊ ဒေါက်တာခင်မျိုးကြူ၊ ဦးခင်ဇော်မောင်-ဒေါ်ကြူကြူဇော်၊ ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်၊ ဒေါ်ခင်ဆွေသင်းတို့၏ဖခင်၊ မယဉ်ယဉ်ခိုင်-ကိုစတီဗင်၊ (မောင်သန့်စင်မောင်)၊ မခိုင်ဇာမြင့်၊ မခိုင်ချိုမြင့်-ကိုဇော်မင်းဦးတို့၏အဘိုး၊ ကြယ်စင်ထူး၏အဘေးသည် ဝိတိုရိယဆေးရုံကြီး၌ ၁၁-၇-၂၀၁၂ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

ကြည်း-၃၅၃၁
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၊ အင်းလျားလမ်းနေ (ဦးထုံး-ဒေါ်မြို့)တို့၏သားကြီး၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသူရဖုန်းစိန်-ဒေါ်မူမူအေး၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ်(ငြိမ်း)၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ဒေါ်ခင်ထွေးမာ၊ ဒေါ်ခင်စုလှိုင်၊ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း-ဒေါ်မြသန္တာစိုးတို့၏ဘကြီးသည် ဝိတိုရိယဆေးရုံကြီး၌ ၁၁-၇-၂၀၁၂ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဆရာကြီး ဦးကို

အလက(၁)၊ အလက(၂)၊ အထက(၁) (ငြိမ်း)
ကန်တော့ခံဆရာကြီး၊ တောင်ငူမြို့
အသက်(၉၂)နှစ်

တောင်ငူမြို့၊ ရပ်ကွက်(၂၀)၊ မြို့ကြီးကမ်းနားလမ်းနေ (ဒေါ်ရင်နု)၏ခင်ပွန်း၊ ဦးလှအောင်-ဒေါ်သန်းဆွေ၊ ဦးကောင်းမြင့်-ဒေါ်ဝင်းမြတို့၏ဖခင်၊ ဦးမင်းနိုင်-ဒေါ်သစ်သစ်အောင်၊ ဦးဆွေအောင်-ဒေါ်ကြည်သာထွန်း၊ ဒေါ်နေနွယ်၊ ဦးဖိုးချိုမြင့်၊ ဦးချမ်းမြတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်နိုင်(ခ) Eric Law (ခ)လော်ပင်စင်း

အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ ဦးလော်စစ်ဟန်-ဒေါ်ကျန်ဖူးရှင်တို့၏ဒုတိယသား၊ တောင်ကြီးမြို့နေ (ဦးချီချမ်း)-ဒေါ်အေးကျင်တို့၏သားသမက်၊ ဦးသန်းနိုင်-ဒေါ်နန်းခမ်းလှိုင်၊ ဒေါ်ကြည်ကြည်ဟန်တို့၏ညီမောင်၊ (ဒေါ်စုစုလွင်)၏ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်ခင်ပြုံးပြုံးမြင့်၊ ဦးထွန်းမြင့်နိုင်-ဒေါ်စီစီလှ၊ ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်၊ ဦးMတူးတူးဂျာ-ဒေါ်သီတာဟန်၊ ဦးအောင်ခြိမ့်-ဒေါ်စပယ်ဟန်၊ ဦးအောင်ကျော်နိုင်-ဒေါ်အယ်နီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊ အမှတ်၁၇နေ မောင်လင်းထွန်းကျော်၊မောင်ဇာနည်ထက်တို့၏ဖခင်သည် ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးယုနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာတင်စိုး

ပါမောက္ခ(ငြိမ်း)၊ စီးပွားရေးပညာဌာန
အဝေးသင်တက္ကသိုလ်(ရန်ကုန်)

ပါမောက္ခဒေါက်တာတင်စိုး ၉-၇-၂၀၁၂ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်စီးပွားရေးတက္ကသိုလ်မိသားစု

ဦးမောင်ကောင်း(ခ) ဦးအောင်သိန်း

(နှင်းနန္ဒာ ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ၅၂လမ်း၊ အမှတ် ၈၀/၈၂၊ လေးလွှာ(ယာ)နေ (ဦးမောင်လှ-ဒေါ်ရင်အောင်)တို့၏သား၊ ဒေါ်ဘီဘီ(ခ)ဒေါ်လှရင်၏မောင်၊ မြောက်ဦးမြို့နယ်၊ မြောင်းဘွေကျေးရွာနေ ဦးအေးနု-ဒေါ်စိန်ဝင်းတို့၏သားသမက်၊ဒေါ်မချွှသိန်း၏ခင်ပွန်း၊ မောင်ဝင်းထွန်းဦး(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ဌေးဝင်းနိုင် (ဆေးတက္ကသိုလ်-၂)တို့၏ဖခင်သည် ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၂ ရက်(ကြာသပတေးနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မနွယ်နီလင်း

(သူနာပြုဆရာမ)
အသက်(၄၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်၁၉ P နေ (ဦးလှမြင့်)-ဒေါ်နှင်းဆီ(သူနာပြု၊ငြိမ်း)တို့၏ သမီးငယ်၊ ဦးငွေဦး-ဒေါ်လှလှဝေ (သူနာပြု၊ ငြိမ်း)တို့၏ညီမ၊ မမေဆုးကျော်၊ မင်းဗညားထွဋ်၊ မင်းကွန်းတလဘဏ်၊ မင်းကွန်းတလထောတို့၏ ဒေါ်လေးသည် ၈-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၂ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ရှိန် (အိမ်မဲ)

အသက်(၈၃)နှစ်

အိမ်မဲမြို့နေ (ဦးသိန်းဖေ-ဒေါ်မျှင်)တို့၏သား၊ (ဦးလှတင်-ဒေါ်ကြင်စိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ ခြံအမှတ် ၁/ကနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးငွေအောင်၊ ဦးကြည်ဝင်း-ဒေါ်နွေနှင်းအေး၊ ဦးအေးဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိန်းဝင်း-ဒေါ်ညိုညိုမောင်၊ ဦးမျိုးနိုင်-ဒေါ်လတ်လတ်စိမ်း၊ ဦးငွေလွင်(ကိုတိုး)-ဒေါ်ဝေဝေချိုတို့၏ဖခင်သည် ၁၀-၇-၂၀၁၂ရက် (အင်္ဂါနေ့) ည ၁၀း၁၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်လှသွင်(ဘီးလင်းမြို့၊သထုံမြို့)

အသက်(၇၈)နှစ်

သထုံမြို့နေ (ဦးဘကြွယ်-ဒေါ်ချစ်)တို့၏သမီးငယ်၊ (ဦးကြီးစိန်-ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ (ဦးဘစော (ဒု-ညွှန်မှူး၊ငြိမ်း၊ မြေတိုင်းဦးစီးဌာန)၏ဇနီး၊ သထုံမြို့နေ (ဦးထွန်းလင်း)-ဒေါ်လှရည်တို့၏ညီမ၊ သထုံမြို့နေ (ဦးစိုးတင်)-ဒေါ်တင်စန်း၊ ဦးသိန်းထွန်း (ကျွဲရိုင်း)-ဒေါ်လှလှမြင့်တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးကြည်ဖင်)-ဒေါ်တင်ရည်ဦးသန်းစိုး-ဒေါ်ဝါဝါစိုး၊ ဦးထွန်းသိန်း-ဒေါ်ညွန့်ညွန့်ရီ၊ ဦးအုန်းမြင့်ကျော်-ဒေါ်မြင့်မြင့်ရည် (ဦးစီးအရာရှိ၊ စစစ)၊ (ဦးခင်မောင်စိုး)-ဒေါ်ယုယုဝေ(အထက၊ တောင်ငူမြို့)၊ ဦးအောင်သူ-ဒေါ်အိအိဝေ(ရာသီ/ကော်ဖီခွဲ၊ စက်မှုသီးနှံဌာန)တို့၏အဒေါ်၊ မောင်သိန်းစိုး-မချို၊မောင်ငွေလွင်-မသန်းသန်းစိုး၊ မနွယ်နွယ်စိုး၊ မောင်သက်စိုး-မဇာဇာစိုး၊ မောင်မြတ်ကျော်-မစန္ဒာစိုး၊ မဖြူသွယ်ထွန်း၊ (ရန်နိုင်ထွန်း)၊ မအိသန္တာထွန်းတို့၏ကြီးမေ၊ မြေး ၃၅ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်ကွန်း (တောင်ငူ)

တပ်ကြပ်ကြီး(ငြိမ်း)
အမှတ်(၁)ဆက်သွယ်ရေးတပ်ရင်း
အသက်(၇၄)နှစ်

တောင်ငူမြို့၊မင်းကြီးညိုနေ(ဦးသွယ်-ဒေါ်ပိုးအူ)တို့၏သား၊ (ဦးလှမောင်-ဒေါ်အေးရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၉၀/၁၊ ၁၁လမ်း၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ကိုရဲထွန်း(ရေနီစက္ကူစက်)-မမွန်မွန် (အလက၊ ရေနီ)၊ ကိုအောင်လွင်(ကလေးဆေးရုံကြီး)၊ မခင်မာအေး၊ ကိုအောင်အောင်နိုင်-မအေးအေးသက်၊မောင်ကြည်မြင့်တို့၏ဖခင်၊မကြည်ခင်သူ၏အဘိုးသည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအေးကျော် (ကြက်ဖ)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ် ၁၆၁/C နေ(ဦးရွှေလုံး-ဒေါ်အုံးကြည်)တို့၏သား၊ (ဦးမြသန်း - ဒေါ်နီ)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မောင်ထက်အောင်လှိုင်၊ မောင်ဇော်လင်းထွဋ်တို့၏ဖခင်၊ဦးအောင်မြင့်-ဒေါ်ချစ်လှ၊ဦးကျော်သန်း - ဒေါ်နန်းကလျာအေးတို့၏ညီ/မောင်၊ ဦးမြင့်စိန်-ဒေါ်စိန်မြင့်၊ ဦးကျော်လွင်-ဒေါ်အေးသန္တာမိုး၊ ဦးမြင့်ဇော်ဦး-ဒေါ်ခင်စန်းစန်းမြင့်၊ ဦးကျော်မိုးနိုင်တို့၏အစ်ကို/မောင်၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၈-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဦးပညာဇောတ (မွှာစရိယ)

သက်တော်(၃၇)နှစ်၊ သိက္ခာတော်(၁၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ မြို့မ(၁)ရပ်ကွက်၊ သီရိမင်္ဂလာခေတ်သစ်၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်(၃၇)နှစ်၊ သိက္ခာတော်(၁၇)ဝါရှိ ဆရာတော် ဦးပညာဇောတ(မွှာစရိယ)သည် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ရက်) ၈-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) ည ၁၁း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်) ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှသွင်

(ဘီးလင်းမြို့၊ သထုံမြို့)
အသက်(၇၈)နှစ်

သထုံမြို့နေ (ဦးဘကြွယ်-ဒေါ်ချစ်)တို့၏သမီးငယ်၊ (ဦးကြီးစိန်-ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ (ဦးဘစော၊ ဒုညွှန်မှူး၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)၏ဇနီး၊ သထုံမြို့နေ(ဦးထွန်းလင်း)-ဒေါ်လှရည်တို့၏ညီမ၊ ဒေါ်ရီရီစော[အလယ်တန်းပြ၊ အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်]၊ ဦးသိန်းဝင်း-ဒေါ်အေးအေးမြင့်၊ ဦးသန်းဝင်း-ဒေါ်ဥမ္မာဝင်း၊ ဦးအောင်ဝင်း၊ ဒေါ်စောယုသွင်(မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရာသီ သီးနှံနှင့် ကော်ဖီလုပ်ငန်းဌာနခွဲ၊ ရုံးချုပ်)တို့၏မိခင်၊ မောင်သွင်ထူးစံ၊ မသက်ထားနွယ်၊ မမိုးမြင့်စံတို့၏အဘွားသည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ရီ

အသက်(၇၆)နှစ်

အုတ်ဖိုမြို့၊ ကျောင်းကြီးတန်းလမ်းနေ (ဦးဝ-ဒေါ်စော)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်လှရီ)တို့၏ညီမ၊ (ဦးအေးကို)-ဒေါ်တင်ကြည်၊ (ဦးအေးကြူ)-ဒေါ်စန်းစန်းတို့၏အစ်မ၊ ဦးကျော်နိုင်-ဒေါ်အေးအေးသန်း၊ ဦးကျော်ဇင်-ဒေါ်သီဂီခိုင်၊ ဦးဝင်းလှိုင်-ဒေါ်သန္တာအောင်၊ ဦးကျော်လင်းဦး-ဒေါ်သန်းသန်း၊ ဦး L တော-ဒေါ်သီဂီနိုင်၊ ဦးအောင်ကိုထွေး-မငုဝါအောင်၊ ဦးတင်နိုင်ဦး၊ ဦးစိုးလင်း-ဒေါ်သူဇာလှိုင်၊ ဦးတင်နိုင်ထွန်း-ဒေါ်သန္တာအေးတို့၏အဒေါ်သည် အမှတ် ၉၂၇၊အင်း၀ ၇လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ၁၁-၇-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ယဉ်နု

အောင်ဘောဂရတနာဆိုင်၊နန္ဒဝန်ဈေး
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယကချုပ် ကမ္ဘာ့ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဉာဏ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဘုရားလေးကျောင်းအား အမှူးထား၍ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၅၀၃နေ (ဦးသန်းညွှန့်)-ဒေါ်အုန်းပိုင်တို့၏သမီးကြီး၊ (ဦးလွင်-ဒေါ်ငွေဆိုင်)တို့၏သမီးချွေးမ၊(ဦးကံမြင့်)၏ဇနီး၊ မောင်သူရထွန်း၊ မောင်မင်းသိုက်၊ မဖြူဖြူဟန်တို့၏မိခင်သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီ(Flortis Escorts)ဆေးရုံ၌ ၈-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)တွင် အိန္ဒိယနိုင်ငံ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၂ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းမြ (ထားဝယ်)

(ကျောင်းဆရာမ၊ ငြိမ်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၃၊ နှင်းဆီလမ်း၊ အလုံမြို့နယ်နေ(ဦးဂွမ်တင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးစစ်စွမ်-ဒေါ်သူသူလှိုင်၊ ဦးမိုးငွေး-ဒေါ်မာမာမြင့်၊ ဦးမျိုးညွှန့်ဦး-ဒေါ်သီသီဦး၊ ဦးမိုးအောင်-ဒေါ်ခင်ပို၊ ဦးရဲဝင်း-ဒေါ်လှိုင်လှိုင်ကြည်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဲအုပ်အောင်ငွေ (ငြိမ်း)

(သထုံ)
ဒုရဲအုပ်လောင်း သင်တန်း
အပတ်စဉ်(၁၃) (စည်သူတပ်ခွဲ)
မန်နေဂျာ
Myanmar Distribution Group Co., Ltd. (MDG)
အသက်(၆၈)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မူးရစ်ကြီးရွာနေ(ဦးအောင်သန်း-ဒေါ်သောင်း)-ဒေါ်တင်တင်တို့၏သားကြီး၊ သထုံမြို့၊ နန်းခဲရပ်ကွက်၊ ဘုံကျောင်းလမ်း၊ အမှတ် ၁၉၉နေ ဦးသန်းထွန်း-(ဒေါ်လှရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၀၆နေ ဒေါ်သော်တာထွန်း(ခ)မချို၏ခင်ပွန်း၊ ကိုရဲသူအောင်-မဖြိုးသီခင်၊ မောင်ဟန်ဝင်းမောင်(ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မောင်မြတ်ဖုန်းကျော်၏အဘိုးသည် ၁၀-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိုးသိန်း

အလယ်တန်းကျောင်းအုပ်(ငြိမ်း)
သူရဲသူမိန်
အသက်(၆၂)နှစ်

ညောင်လေးပင်မြို့၊ အာဇာနည်လမ်းနေ(ဦးဟော့ကာ-ဒေါ်ခင်မြရီ)တို့၏သား၊ (ဦးစိုးဝင်း)-ဒေါ်နွဲ့၊ ဦးမြင့်သိန်း-(ဒေါ်လှမြင့်)၊ ဒေါ်ခင်ကြည်၊ ဒေါ်မြင့်မြင့်သက်၊ ဦးစိုးလွင်(ဖွဲ့နှုဆီစက်)-ဒေါ်ဆွေဆွေတို့၏မောင်/ညီ၊ ဦးမောင်မောင်-ဒေါ်လေခင်း၊ ဦးကျင်းကြိုင်၊ ဦးခင်စိုး-ဒေါ်လေလင်း၊ ဦးကျင်းအောင်-ဒေါ်မြင့်မြင့်သန်း၊ဦးညီညီနိုင်-ဒေါ်ထွေးထွေးမြင့်၊ ဦးမိုးဟိန်း-ဒေါ်ချိုမာတူး၊ ဒေါ်ဖြူဖြူဝင်းတို့၏အစ်ကိုသည် ၁၀-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ ငှရွှေဝါ ၃လမ်း၊ ဦးစိုးသိန်း၏နေအိမ်မှခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ
နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပါရတ်စ် ဂီမီရီသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့် တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပါရတ်စ် ဂီမီရီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

မွေးကင်းစကလေး၊ (၅)နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုတို့ လျှော့ချနိုင်ရေး ဘက်စုံမျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အမှာစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့ကဲ့သို့

စာမျက်နှာ ၈ ကော်လံ ၁ ❖

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres နှင့် အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာ ဆောင်ရွက်ချက်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်မှ ဆောင်ရွက်နေမှုများကို ရှင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**